# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၃ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၃၅)


## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မြတ်စွာဘုရားဟောကြားခဲ့သည့် စကားအရာ အင်္ဂါ(၄)တန်

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် သတ္တဝါတို့အား လောကီ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားများကို ရရှိစေရန်အတွက် သုဘာသိတသုတ်တွင် အင်္ဂါ(၄)ပါးနှင့် ပြည့်စုံသော စကားအကြောင်း ဟောကြားတော်မူခဲ့ပါသည်။

**သုဘာသိတ**

ကောင်းသောစကားကိုသာ ပြောဆိုရာ၏။ ဆိုးရွားယုတ်မာသော စကားကို မပြောဆိုရာ။

**ဓမ္မ**

တရားနှင့်လျော်သောစကားကိုသာ ပြောဆိုရာ၏။ တရားမဲ့သောစကား မပြောဆိုရာ။

**ပိယ**

ချစ်ဖွယ်သောစကားကိုသာ ပြောဆိုရာ၏။ ရွံမုန်းဖွယ်ဖြစ်သောစကားကို မပြောဆိုရ။

**သစ္စာ**

မှန်ကန်သောစကားကိုသာ ပြောဆိုရာ၏။ ချွတ်ချော်တိမ်းပါး လွဲမှားသော စကားကို မပြောဆိုရာ။

ဤကား လူသားတို့အတွက် လောကီ လောကုတ္တရာ အကျိုးနှစ်ဖြာကို ရရှိစေနိုင်သော **"စကားအရာ အင်္ဂါ(၄)တန်"**တည်း။ ။ **(သာသနာရေး)**




### ဆွေးနွေးမှာကြား

**အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်း အစည်း အဝေး(၂/၂၀၀၆) တွင် ဆွေးနွေးမှာကြားစဉ်။** (သတင်းစဉ်)

# နိုင်ငံတော်၏အနာဂတ်ရေးအတွက်ညှိနှိုင်းတိုင်ပင်ဆွေးနွေးဆုံးဖြတ်ကြသည့် အမျိုးသားညီလာခံကြီးသည်သာလျှင် စစ်မှန်သောတွေ့ဆုံဆွေးနွေးပွဲကြီးဖြစ် အခြေခံအုတ်မြစ်ခိုင်ခံ့မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံဖြစ်မည်

# အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာလဒုတိယပတ်တွင်ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂**

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၂/၂၀၀၆) ကို ယနေ့မွန်းလွဲ ၂နာရီက နေပြည်တော်ရှိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

***စာမျက်နှာ ၈ ကော်လံ ၁*** ●

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

3-9 (01).p65 1 9/3/06, 12:51 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်)

# အရည်အသွေးမြင့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိဖြစ်ထွန်းရေး ပညာရေးကဏ္ဍက ကြိုးပမ်း

ပညာရေးသည် အလွန်ကျယ်ပြန့်နက်ရှိုင်းပြီး နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကို ဖန်တီးနိုင်စွမ်းရှိသည်။ ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေးကို တစ်ကမ္ဘာလုံးက အလေးအနက်ထား အကောင်အထည် ဖော်နေကြသည်။

မြန်မာနိုင်ငံတွင် **'မျက်မှောက်ကာလ ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဉ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်'** ဟူသော ပညာရေးမျှော်မှန်းချက်ချမှတ်၍ အမျိုးသားပညာရည်မြင့်မားရေးကို ဖော်ဆောင်လျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေး အထူးလေးနှစ်စီမံကိန်း(၂၀၀၀-၂၀၀၁ မှ ၂၀၀၃-၂၀၀၄)ကို အခွင့်အလမ်းပွင့်၊ အရည်အသွေးမြင့်၊ ပညာခက်ဖြာ လေးနှစ်တာကာလအဖြစ် အကောင်အထည်ဖော်ချိန်မှာပင် အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကို ရေးဆွဲခဲ့သည်။ ထိုစီမံကိန်းကို ၂၀၀၁-၂၀၀၂ ဘဏ္ဍာရေးနှစ်မှစတင်ကာ နှစ်တိုင်းနှစ်စီမံကိန်း ခြောက်ခုပိုင်းခြား၍ အဆင့်ဆင့်တိုးတက်လုပ်ဆောင်လျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍ၏ ဖြစ်ထွန်းတိုးတက်မှုများတွင် ၁၉၈၈ ခုနှစ်က တက္ကသိုလ်ကောလိပ် ၃၂ ခုသာရှိခဲ့ရာမှ ယခုအခါ ဒေသအလိုက် ပတ်ဝန်းကျင်နှင့်လူမှုစီးပွားရေးကို အကျိုးပြုစေမည့် အထူးပြုတက္ကသိုလ်များကို တည်ထောင်ဖွင့်လှစ်ပေးခဲ့ရာ တက္ကသိုလ်ကောလိပ် ၁၅၆ ခုအထိ တိုးတက်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံပညာကဏ္ဍသည် အဓိကအခန်းမှ ပါဝင်လျက်ရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးလုပ်ငန်းကို ကော်မတီ အဆင့်ဆင့်ဖွဲ့စည်း ဆောင်ရွက်ခဲ့ရာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် ၉၇ ဒသမ၅၈ ရာခိုင်နှုန်းအထိ ကျောင်းဝင်နှုန်း မြင့်မားလာခဲ့သည်။

အခြေခံပညာကဏ္ဍအနေဖြင့် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၄၀၅၃၁ ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး ဆရာ၊ ဆရာမ ၂ ဒသမ ၄၈ သိန်းကျော်က ကျောင်းသား ကျောင်းသူ ၇ ဒသမ ၈၁ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့သည်။

ထို့ပြင် ကျောင်းသင်ပညာရေးသာမက ကျောင်းပြင်ပ ပညာရေးလုပ်ငန်းများဖြင့် သက်ကြီးစာမတတ်သူ ပပျောက်ရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်လျက်ရှိရာ ၂၀၀၅ ခုနှစ်တွင် သက်ကြီးစာတတ်မြောက်မှုနှုန်း ၉၄ ဒသမ ၁ ရာခိုင်နှုန်းအထိ တိုးမြင့်လာခဲ့သည်။

ပညာရေးတွင် ဆရာ့အရည်အသွေးပြည့်ဝနေပါမှ ကျောင်းသားကျောင်းသူများ အရည်အသွေး ပြည့်ဝပြီး ပညာရည်မြင့်မားလာမည်ဖြစ်သဖြင့် သင်ကြားပို့ချမည့် ဘာသာရပ်များ၊ ပညာရေးသဘောတရားများနှင့် သင်ပြနည်းများကို ကျွမ်းကျင်တတ်မြောက်၍ ထိထိရောက်ရောက် သင်ကြားပို့ချနိုင်သော ဆရာများကို မွေးထုတ်ပေးနေသည်။

ယနေ့အချိန်အခါသည် နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲနေသည်ဖြစ်ရာ မျက်မှောက်ခေတ်ကာလ၏ သိပ္ပံနှင့် နည်းပညာ တိုးတက်ပြောင်းလဲမှုများနှင့်ယှဉ်တွဲပြီး အရည်အသွေး မြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ရရှိဖြစ်ထွန်းလာစေရန် ပညာရေးကဏ္ဍက ရှေ့ဆောင် ကြိုးပမ်းသွားရမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစု အကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။

(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မမိုတ်မသုန် အကောင်အထည်ဖော်သွားမည်။

(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။

(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။

(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။

(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

## မြဝတီရုပ်မြင်သံကြား

၃-၉-၂၀၀၆ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၉။ ဆရာတော် ဦးဃောသိတ တရားတော်

**နေ့လယ်ပိုင်း**

- ၁၂း၀၀ ၁။ မြဝတီအဖွင့်
- ၁၂း၀၅ ၂။ အဖွင့်သီချင်း
- ၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၂း၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၂း၃၀ ၅။ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် **"လွဲနေသောဆုံမှတ်များ"**
- ၁၃း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄း၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄း၅၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၀၀ ၇။ အမေးကမ္ဘာတွေးစရာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၉။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၀။ မိုးလေဝသသတင်း
- ၆း၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆း၃၀ ၁၂။ လျှပ်တစ်ပြက်
- ၆း၄၅ ၁၃။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
- ၇း၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၂)
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၇။ ပဟေဠိနန်းတော်
- ၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၁၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၄)





## ခရီးသည်တင်မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲရန်စီစဉ် ယာဉ်မတော်တဆဖြစ်မှုလျော့ပါးရေး အရှိန်အဟုန်မြှင့်

### ပညာပေးအရေးယူမှုများ စနစ်တကျဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၂

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ အစည်းအဝေး(၁၄/၂၀၀၆)ကို ယမန်နေ့ ညနေ၄နာရီခွဲက နေပြည်တော်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်စိုးက ရက်သတ္တတစ်ပတ်အတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဩဂုတ်လအတွင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေးအတွက် ပညာပေးဆောင်ရွက်မှု၊ စစ်ဆေးအရေးယူဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌများက လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။ တင်ပြဆွေးနွေးချက်များအပေါ် တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်က ညှိနှိုင်းဖြည့်ဆည်းပေးပြီး ခရီးသည်တင်မော်တော်ယာဉ်လိုင်းသစ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်လျက်ရှိကြောင်း၊ ယာဉ်မတော်တဆဖြစ်မှုများ တဖြည်းဖြည်း လျော့ပါးရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပညာပေးအရေးယူမှုများကိုလည်း စနစ်တကျဆောင်ရွက်ရမည်ဖြစ်ကြောင်းဖြင့် ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၉-၂၀၀၆ (တနင်္ဂနွေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၉)ကြိမ်မြောက် အဘိဓမ္မာ(၇)ကျမ်း အာဂမ+သဘာဝ စာပြန်ပွဲအခမ်းအနား
- ၇း၁၅ တေးဂီတအစီအစဉ်
- ၇း၂၀ ပြည်တွင်းသတင်းအကျဉ်း
- ၇း၃၀ မာဒေးကားချန်ပီယံမြန်မာ
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၁၀ အန္တရာယ်ကင်းသော မိခင်ဘဝ
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ မိုးလေဝသခန့်မှန်းချက်
- ၈း၃၀ Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း)
- ၉း၁၅ တေးဂီတအစီအစဉ်
- ၉း၂၀ လှုပဆန်းကြယ် မြန်မာ့ရွှေခြည်ထည်
- ၉း၃၀ တေးဂီတအစီအစဉ်
- ၉း၃၅ Music Gallery (အသစ်ကြိုက်သူများ-၃)
- ၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀း၁၀ တီကောင်စွန့်ပစ် ဩဂဲနစ်
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ နိုင်ငံတကာအနုပညာရေးရာ
- ၁၀း၅၅ တေးဂီတအစီအစဉ်
- ၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၁း၀၅ ရေပျော်ငှက်တို့ နားခိုရာ
- ၁၁း၁၀ တေးဂီတအစီအစဉ်
- ၁၁း၁၅ ယဉ်ကျေးမှုအမွေထိန်းသိမ်းဖို့ တစ်တပ်တစ်အားပါဝင်စို့
- ၁၁း၂၅ MRTV-4 စာအုပ်စင်ကဏ္ဍ (ဒေါက်တာတင်ထွန်းဦးနှင့် တွေ့ဆုံခြင်း)
- ၁၂း၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**



ရောဝတီ တိုင်း ကျိုက်လတ်မြို့ ဗိုလ်ချုပ် လမ်း အမှတ် ၅၈နေ ဦးကျောင်းဝါး၊ ဒေါ်စူးဝါးတို့အား ရည်စူး၍ မင်စိန်းမိသားစုတို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ် ချုပ် ရေး အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# ယဉ်ကျေးမှုတက္ကသိုလ် ( မန္တလေး ) လက်ရာမွန်ပြပွဲနှင့် စွမ်းရည်ပြ စင်တင်ဖျော်ဖြေပွဲ အခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး)၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်တွင် ဒုတိယအကြိမ် ဘွဲ့ယူကြမည့် ပန်းချီ၊ ပန်းပု ကျောင်းသား ကျောင်းသူများ၏ လက်ရာမွန်ပြပွဲနှင့် သဘင်ဂီတ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြ စင်တင်ဖျော်ဖြေတင်ဆက်သည့်အခမ်းအနားကို ဩဂုတ် ၃၁ ရက်တွင် မန္တလေးမြို့ အမျိုးသားဇာတ်ရုံ၌ကျင်းပရာ ရှေးဦးစွာ ယဉ်ကျေးမှုတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဦးစန်းဝင်းနှင့် ဧည့်သည်များသည် ဧည့်ကြိုခန်းမတွင် ခင်းကျင်းပြသထားသော ပန်းချီ၊ ပန်းပု၊ သဘင်၊ ဂီတ ကျောင်းသား ကျောင်းသူများ၏ ဘွဲ့ယူစာတမ်းများနှင့် ပန်းချီ၊ ပန်းပုလက်ရာမွန်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပါမောက္ခချုပ်နှင့် ဧည့်သည်များသည် သဘင်၊ ဂီတ ကျောင်းသား ကျောင်းသူများ၏ စွမ်းရည်ပြ စင်တင်ဖျော်ဖြေတင်ဆက်သည့် အစီအစဉ်များကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပုဇွန်တောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ အခမ်းအနားကို ဩဂုတ် ၂၉ရက်က အမှတ်(၉) ရပ်ကွက် တတိုင်းမွှေးစာကြည့်တိုက်တွင် ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးဌေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။** (မြို့နယ် ပြန်/ဆက်)



## ■ ကျောဖုံးမှ

ဩဂုတ်၃၁ ရက် နံနက်ပိုင်းတွင် မိုင်းမိတ်-မိုးကုတ်ကားလမ်းရှိ ကပ်ကျော်ရန်အောင်မြင်စေတီတော်သို့ ရောက်ရှိပြီး စေတီတော်ရင်ပြင်မှနေ၍ မိုးမိတ်တပ်နယ်အတွက် ရေစတင်သွယ်ယူသည့် ရေစုကန်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

အဆိုပါ ရေစုကန်မှတစ်နာရီလျှင် ဂါလန် ၁၂၀၀ နှုန်းဖြင့် တစ်ရက်လျှင် ဂါလန် ၂၅၀၀၀ခန့် ရရှိပြီး သောက်သုံးရေအပြင်စိုက်ပျိုးရေအတွက်ပါ အကျိုးပြုလျက်ရှိသည်။

### ကြိုဆိုနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမိတ်-မိုးကုတ်ကားလမ်းရှိ ရွှေသာယာ ကျေးရွာသို့ ရောက်ရှိကြရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တပ်မတော်အရာရှိများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးမိတ်-မိုးကုတ်ကားလမ်းဘေး တစ်ဖက်တစ်ချက်ရှိ ဒေသခံပြည်သူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းများနှင့် မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်းလင်းပြသ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်-မိုးမိတ်ကားလမ်းရှိ မိုးကုတ်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ကော်ဖီနှင့် လက်ဖက်စိုက်ခင်းဧက၃၀ကို ကြည့်ရှုစစ်ဆေးကြရာ ပြင်ဦးလွင်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝုန်ကိုလျန်က ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည့် မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်များအတွက် ကျပ်ပြင်ကျေးရွာ အုပ်စု ပန်းမရပ်နေ အလှူရှင် ဒေါ်တင်ရွှေမိသားစုက အလှူငွေကျပ်သိန်း၆၀၀ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မိုးကုတ်မြို့မှ မြို့မိမြို့ဖ ဦးဘဌေးက မိုးကုတ်မြို့ ကိုယ့်အားကိုယ်ကိုးခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံ တိုးချဲ့ဆောင်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်မှုနှင့် အလှူရှင်မိသားစုက စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် အလှူရှင် ဒေါ်တင်ရွှေမိသားစုက အလှူငွေကျပ်သိန်း၆၀၀ကို ပေးအပ်လှူဒါန်းရာဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ တိုင်းကျန်းမာရေးဦးစီးဌာနမှူးကိုယ်စား ဒေါက်တာ သာထွန်းကျော်က အလှူငွေပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

### အထူးဝမ်းမြောက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးကုတ်မြို့ ခုတင်(၁၀၀)ဆံ့ပြည်သူ့ဆေးရုံသည် တိုးပွားလာသည့်လူဦးရေနှင့်အညီ ဆေးဝါးကုသမှုခံယူသူ ဦးရေ များပြားလာသဖြင့် အဆောက်အအုံများ လိုအပ်လျက်ရှိကြောင်း၊ အလှူရှင်များက ယခုကဲ့သို့ ဒေသခံ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုအတွက် ပြင်ပလူနာဆောင်နှင့် တိုးချဲ့ဆောင်များ တည်ဆောက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိကြောင်း၊ ပြင်ပလူနာနှင့် အရေးပေါ်လူနာဆောင်တို့ကို တစ်ဆောင်ပြီးပါကတစ်ဆောင်အမြန်ဖွင့်လှစ်၍ ဒေသခံပြည်သူများအား ဆေးဝါးကုသစောင့်ရှောက်မှုပေးစေလိုကြောင်း၊ ဒေသခံပြည်သူများက မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင် ကူညီလှူဒါန်းကြသဖြင့် အထူးဝမ်းမြောက်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဆောက်လုပ်ပြီးစီးသည့် ပြင်ပလူနာနှင့် အရေးပေါ်လူနာဆောင်တို့ကိုလည်းကောင်း၊ ဆောက်လုပ်ဆဲ အဆောက်အအုံများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအားတွေ့ဆုံကြရာ ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်က မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်း ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က ဖြည့်စွက် ရှင်းလင်းတင်ပြ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### စီမံကိန်းချဆောင်ရွက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာ၌ မိုးကုတ်မြို့နယ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် လယ်ယာမြေများ တိုးချဲ့ ဖော်ထုတ်သွားရန်နှင့် မျိုးကောင်း၊ မျိုးသန့်စပါးများကို ရွေးချယ်ပြီး နည်းစနစ်ကျစွာ စိုက်ပျိုးရန် လိုကြောင်း၊ နှစ်ရှည် သီးနှံဖြစ်သည့် ရော်ဘာ၊ ကျွန်း၊ လက်ဖက်နှင့် ကော်ဖီပင်များကို တိုးချဲ့ စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများကလည်း စိုက်ပျိုးရေးလုပ်ငန်းများကို ဒေသခံပြည်သူများ၏ စံနမူနာပြဖြစ်အောင် ကြိုးစားလုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ မြို့မိမြို့ဖများကလည်း ဒေသခံပြည်သူများအား စည်းရုံးဦးဆောင်ရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်များကို မြေကွက်လပ်နှင့် ခြံစည်းရိုးပါမကျန် စီမံကိန်းချစိုက်ပျိုးကြရန်နှင့် ဒေသဖွံ့ဖြိုးရေးတွင် အဓိကကျသည့်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဌာနဆိုင်ရာနှင့် ဒေသခံပြည်သူများ တက်ညီ လက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ကျောက်မျက် တူးဖော်ခြင်းလုပ်ငန်းအပြင် အမြဲတမ်းဝင်ငွေရရှိ၍ သားစဉ်မြေးဆက် အကျိုးဖြစ်ထွန်းစေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို စီမံကိန်းချ ဆောင်ရွက်ရန် လိုကြောင်းဖြင့် ရှင်းလင်း မှာကြားပြီး တွေ့ဆုံပွဲကို ရပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃-၉-၂၀၀၆ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော် |
| ၇:၂၅ | ၂။ | ကျန်းမာဖို့ အတူကစားစို့ |
| ၇:၃၀ | ၃။ | နံနက်ခင်းသတင်း |
| ၇:၄၀ | ၄။ | **"တော်ပါပေတယ် ဘွားဘွားရယ်"** မင်းမော်ကွန်း၊ မြတ်ကေသီအောင် [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)] |
| ၇:၄၅ | ၅။ | သံသာချိုအေး မင်္ဂလာတေး |
| ၈:၀၀ | ၆။ | ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ |
| ၈:၁၀ | ၇။ | အကပြိုင်ပွဲ |
| ၈:၁၅ | ၈။ | ရွှေလင်ပန်းတံတား |
| ၈:၂၅ | ၉။ | အရေးပြိုင်ပွဲ |
| ၈:၃၀ | ၁၀။ | International News |
| ၈:၄၅ | ၁၁။ | Say it in English |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁:၀၀ | ၁။ | စစ်သည်တေး |
| ၁၁:၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၁၁:၂၅ | ၃။ | တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ် |
| ၁၁:၃၅ | ၄။ | Yan Can Cook |
| ၁၁:၅၀ | ၅။ | မြန်မာရုပ်ရှင် **"ဘယ်သူပြိုင်လို့ လုပါတော့နိုင်"** ဇော်ဝမ်း၊ ဝင်းလှိုင်၊ အုံ့ကျော်၊ တင်တင်ညို၊ တင်တင်လှ (ဒါရိုက်တာ-ဦးသုခ) |
| ၁၄:၀၅ | ၆။ | အဆိုပြိုင်ပွဲ |
| ၁၄:၁၅ | ၇။ | ကချင်ပြည်နယ် မိုးကောင်းတံတား |
| ၁၄:၂၀ | ၈။ | **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၂) ဝါးခယ်မရဲမောင်၊ ဘုန်းလျန်၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး) |
| ၁၃:၃၀ | ၉။ | ရင်းငြိမ်ရေထိန်းတံခါး |
| ၁၃:၄၅ | ၁၀။ | International News |

**ညပိုင်း**

| | | |
|---|---|---|
| ၁၆:၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၁၆:၁၅ | ၂။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၁၆:၃၀ | ၃။ | English for Everyday Use |
| ၁၆:၄၅ | ၄။ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ] |
| ၁၇:၀၀ | ၅။ | တိုင်းရင်းသားရိုးရာအက |
| ၁၇:၁၅ | ၆။ | ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) [ဝါသနာရှင်အဆင့်] (အမျိုးသား/အမျိုးသမီး) |
| ၁၇:၃၀ | ၇။ | ဆိုကြမယ် ပျော်ကြမယ် |
| ၁၈:၀၀ | ၈။ | ညနေခင်းသတင်း |
| ၁၈:၃၀ | ၉။ | မိုးလေဝသအခြေအနေ |
| ၁၈:၃၅ | ၁၀။ | သီရိဂေဟာ |
| ၁၉:၀၀ | ၁၁။ | Discovery |
| ၁၉:၁၀ | ၁၂။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"ယောမာန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၄) |
| ၂၀:၀၀ | ၁၃။ | ပြည်တွင်းသတင်း |
| | ၁၄။ | နိုင်ငံတကာသတင်းများ |
| | ၁၅။ | မိုးလေဝသအခြေအနေ |
| | ၁၆။ | နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၁၆) |



**ဩဂုတ် ၂၆ရက်က ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ် အမက (၁)ကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ချီးမြှင့်သော ကျောင်းသားများအား အဝတ်အထည်နှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ကျောင်းစုဝေးခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီးဦးသာဒင်က ကျောင်းသားတစ်ဦးအား ပေးအပ်စဉ်။** (က-ပ)





**တရုတ်နိုင်ငံထုတ်ကားများ**

**ချီလီနိုင်ငံ ဆန်တီယာဂိုမြို့ ဆိပ်ကမ်းသို့ ရောက်ရှိလာသော တရုတ်နိုင်ငံထုတ်ကားများကို စက်တင်ဘာ ၁ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# စင်ကာပူသို့ ကမ္ဘာလှည့်ခရီးသည်များလာရောက်မှု ဇူလိုင်လ တစ်လတည်းပင် ကိုးသိန်းကျော်ရှိ

စင်ကာပူ စက်တင်ဘာ ၂

**စင်ကာပူနိုင်ငံသို့ ယခုနှစ်ဇူလိုင်လတွင် နိုင်ငံခြားခရီးသွားဧည့်သည်များလာရောက်မှု အရေအတွက်မှာ ၉၁၃၀၀၀ရှိခဲ့ရာ ယခုနှစ်အတွင်း တစ်လချင်းအလိုက်၌ စင်ကာပူနိုင်ငံသမိုင်းတွင် အများဆုံး စံချိန်ဖြစ်ကြောင်း စင်ကာပူခရီးသွား လုပ်ငန်းက ဩဂုတ် ၃၁ရက်၌ သတင်းထုတ်ပြန်လိုက်သည်။**

စင်ကာပူနိုင်ငံသည် ယခုနှစ် ပထမခြောက်လတာကာလအတွင်း နိုင်ငံခြားမှ ခရီးသွားဧည့်သည်များ ရောက်ရှိမှု အရေအတွက်မှာ ၄ဒသမ ၇သန်းရှိခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူ ကာလနှင့် နှိုင်းယှဉ်လျှင် ၁၁ဒသမ ၈ရာခိုင်နှုန်းတိုးမြင့်ခဲ့သည်ဟု စင်ကာပူ ခရီးသွားလုပ်ငန်း(အက်စ်တီဘီ)က ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

**ခန့်မှန်းထား**

အက်စ်တီဘီအနေဖြင့် ယခုနှစ် တွင် နိုင်ငံခြားမှ ခရီးသွားဧည့်သည် ၉ဒသမ၄သန်းရောက်ရှိမည်ဟု ခန့်မှန်း ထားရာ ယင်းမှ ဝင်ငွေအမေရိကန် ဒေါ်လာ၇ဒသမ၆သန်းရရှိရန် ရည်မှန်းချက်များ ထားရှိကြောင်း သိရသည်။

စင်ကာပူနိုင်ငံသို့ ခရီးသွားများ လာရောက်မှုသည် ဇူလိုင်၊ ဩဂုတ်၊ ဒီဇင်ဘာနှင့်စက်တင်ဘာလများတွင် ဖြစ်ကြောင်း၊ အများအားဖြင့် ပိတ်ရက်များ၌ ပိုမိုလာရောက်ကြကြောင်း သိရသည်။

စင်ကာပူနိုင်ငံသည် ပြီးခဲ့သည့် နှစ်က မလေးရှား၊ တရုတ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ ကဲ့သို့သော နိုင်ငံများမှ ခရီးသွားများ ပိုမိုလာရောက်ခဲ့မှုကြောင့် နိုင်ငံခြား ခရီးသွားဦးရေ စုစုပေါင်း ၈ဒသမ၉သန်းရှိခဲ့ကြောင်း အက်စ်တီဘီက ဖော်ပြသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ပါကစ္စတန်၌ ယာဉ်တိုက်မှုဖြစ်ပွား

**အစ္စလမ္မာဘတ် စက်တင်ဘာ ၂**

ပါကစ္စတန်နိုင်ငံ မူလ်တန်ဒေသ အရှေ့ဘက် ကီလိုမီတာ ၄၀ အကွာ ခါနေဝယ်လ်မြို့အနီး၌ စက်တင်ဘာ ၁ရက် နံနက်ပိုင်းက ခရီးသည်စီးမြင်း ရထားနှင့်ထရပ်ကားတစ်စီးတိုက်မိရာ ကိုးဦးသေဆုံးပြီး ၁၇ ဦး ဒဏ်ရာ ရရှိခဲ့ကြောင်း၊ နှစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း အေပီသတင်း ဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

ခရီးသည်ငါးဦးသည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့ကြောင်း၊ ဒဏ်ရာရသူ လေးဦးမှာ ကန်နူဝယ်လ်မြို့ ဆေးရုံ၌ ထပ်မံသေဆုံးခဲ့ကြောင်း၊ ပြင်းထန်စွာဒဏ်ရာရရှိသူနှစ်ဦးအား နယ်စတာမြို့ဆေးရုံမှ ခရိုင်မြို့နယ်ရှိ ကန်နူဝယ်လ်ဆေးရုံသို့ ရွှေ့ပြောင်းခဲ့ကြောင်းသိရသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပါကစ္စတန်တွင် ကိုးထပ်အဆောက်အအုံပြိုကျ အနည်းဆုံး လူသုံးဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂

**ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့်နှစ်က ငလျင်ဒဏ်ခံခဲ့ရသော ကိုးထပ် အဆောက်အအုံတစ်ခု ဩဂုတ် ၃၁ ရက်က ပြိုကျခဲ့ရာ အနည်းဆုံး လူသုံးဦး သေဆုံးခဲ့ရသည်ဟု ပါကစ္စတန်ရဲတပ်ဖွဲ့က ပြောကြားသည်။** (ယာပုံ)

ဖြစ်ပွားမှုမှာ ပါကစ္စတန်နိုင်ငံ မြောက်ပိုင်း မော်ရီးမြို့တွင်ရှိသော အဆောက်အအုံတစ်ခု ဩဂုတ် ၃၁ ရက် နံနက် ၃ နာရီက ပြိုကျခဲ့ခြင်း ဖြစ်သည်။ ပြိုကျသည့် အဆောက် အအုံအတွင်း လူ ၁၅ ဦးခန့် ပိတ်မိနေ ခဲ့ကြောင်း သိရသည်။

**ပြောကြား**

သေဆုံးသူ သုံးဦးမှာ အဆောက် အအုံပိုင်ရှင်အပါအဝင် ဇနီးနှင့်သားတို့ ဖြစ်သည်။ အဆောက်အအုံပျက် အတွင်း ပိတ်မိနေသောလူများ ရှိနိုင် ဖွယ် ရှိသည်ဟုလည်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**သေဆုံး**

ပါကစ္စတန်နိုင်ငံတွင် ပြီးခဲ့သည့် နှစ်က အင်အားပြင်း ငလျင်လှုပ်ခဲ့မှု ကြောင့် လူ ၇၃၀၀၀ ခန့် သေဆုံးခဲ့ပြီး အပျက်အစီးများရှိခဲ့ကြောင်း သိရ သည်။ **အမ်အင်အေ၊ရိုက်တာ**






# ကဘူးလ်မြို့သို့ ဒုံးကျည်များဖြင့်ပစ်ခတ်

**ကဘူးလ် စက်တင်ဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော် ကဘူးလ်၌ဩဂုတ်၃၁ရက်နံနက်ပိုင်းက ဒုံးကျည်သုံးခုဖြင့် ပစ်ခတ်ခံရကြောင်း၊ ထိုသို့ ပစ်ခတ်ခံရသော်လည်း တစ်စုံ တစ်ရာထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

ဒုံးကျည်နှစ်ခုမှာ မြေပြင်တွင် ပေါက်ကွဲသွားသော်လည်း အခြား ဒုံးကျည်တစ်ခုမှာ မပေါက်ကွဲကြောင်း ကဘူးလ်ရဲတပ်ဖွဲ့က ပြောကြားသည်။ ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်ချိန်မှာ ဩဂုတ် ၃၁ ရက် နံနက်သုံးနာရီခန့်က ဖြစ်ကြောင်း ကဘူးလ်မြို့ အရှေ့ပိုင်း တစ်နေရာမှ ပစ်ခတ်ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒုံးကျည်တစ်ခုမှာ ရုပ်ရှင်ရုံတစ်ခု၏ဘေးတွင် ကျရောက်ပေါက်ကွဲခြင်း ဖြစ်ပြီး ယခုအခါ အာဖဂန်နစ္စတန် တပ်ဖွဲ့ဝင်များက အဆိုပါ အဆောက် အအုံတစ်ဝိုက်၌ လုံခြုံရေးစောင့်ကြပ် လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အင်ဒိုနီးရှား အာချေးပြည်နယ်၌ရေလွှမ်း

**ဂျကာတာ စက်တင်ဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်တွင် ဩဂုတ် ၃၀ ရက်က ကျေးရွာပေါင်း ၁၁ ရွာ ရေလွှမ်းမိုးခြင်းခံခဲ့ရကြောင်း၊ ဒေသခံတို့၏ နေအိမ်ထောင်ပေါင်းများစွာ ရေလွှမ်းခဲ့ပြီး အိမ်ပေါင်းများစွာ ပျက်စီးခဲ့ရကြောင်းဟု ပြည်တွင်းမီဒီယာများက ဖော်ပြသည်။

**သတင်းထုတ်ပြန်**

အဆိုပါ ကျေးရွာများမှာ အာချေးပြည်နယ်တောင်ပိုင်း ဘန်ဒါအာချေး မြို့မှ ကီလိုမီတာ ၅၀၀ ခန့် ဝေးကွာသော အရပ်တွင်ရှိသော ကျေးရွာများ ဖြစ်ကြောင်း အန်တာရာသတင်းဌာနက ဩဂုတ် ၃၁ရက်၌ သတင်းထုတ်ပြန် သည်။

**ဖြန့်ဝေ**

ထိုသို့ ရေလွှမ်းမှုကြောင့် လယ်ယာမြေများ ပျက်စီးခဲ့ရပြီး ဒေသခံပြည်သူ များစွာ ရေဘေးဒုက္ခ ကြုံတွေ့ခဲ့ရသည်။ ဒေသဆိုင်ရာ အာဏာပိုင်များက အစားအစာနှင့် အခြားထောက်ပံ့ရေး အကူအညီများ ဖြန့်ဝေပေးလျက်ရှိသည်။

**အခက်အခဲကြုံ**

အာချေးပြည်နယ် အနောက်ပိုင်း တာပက်သွန်နှင့် မီယူလာဘိုမြို့များသို့ ဆက်သွယ်ထားသော ကားလမ်းလည်း ရေလွှမ်းလျက်ရှိရာ မော်တော်ယာဉ် ဖြတ်သန်းမောင်းနှင်မှု အခက်အခဲကြုံတွေ့ရလျက်ရှိသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# ဂျွန်အမည်ရှိ ဟာရီကိန်းမုန်တိုင်း မက္ကဆီကိုကမ်းရိုးတန်းတွင်တိုက်ခတ်

မင်ဇာလီနို စက်တင်ဘာ ၂

**ပစိဖိတ်သမုဒ္ဒရာကမ်းလွန်တွင် ဩဂုတ် ၃၁ ရက်က ဂျွန်အမည်ရှိ ဟာရီကိန်းမုန်တိုင်းတိုက်ခတ်ခဲ့ရာ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ ပင်လယ်လှိုင်းများ ထကြွခြင်းဖြစ်ကာ မိုးသက်မုန်တိုင်း များနှင့် ပင်လယ်လှိုင်းတို့မှာ မက္ကဆီကို နိုင်ငံကမ်းရိုးတန်းသို့ အရှိန်ပြင်းစွာ ရိုက်ခတ်ခဲ့ကြောင်းသိရသည်။**

ဂျွန်မုန်တိုင်း တိုက်ခတ်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၁၀လက်မအထိရှိခဲ့ကြောင်း၊ ထို့အပြင် မက္ကဆီကိုနိုင်ငံ၌ ရေလွှမ်းခြင်း၊ မြေပြို ခြင်းများလည်း ဖြစ်ပေါ်လာသည်။

**လွင့်ထွက်**

ဂျွန်မုန်တိုင်းသည် တစ်နာရီ လျှင် ၁၂၅ မိုင်နှုန်းဖြင့် တိုက်ခတ်ခဲ့ မှုကြောင့် မက္ကဆီကိုကမ်းရိုးတန်းတစ် လျှောက်အမြင့် ၁၈ပေရှိသော ပင်လယ် လှိုင်းများဖြစ်ပေါ်ရိုက်ခတ်ခဲ့ကြောင်း သစ်ပင်များ အမြစ်မှကျွတ်ထွက်ပြီး အဆောက်အအုံအမိုး အများအပြား လွင့်ထွက်ခဲ့သည်ဟု သိရသည်။

**ဆုံးရှုံး**

မက္ကဆီကို အစိုးရအနေဖြင့် မုန်တိုင်းသတိပေးမှုကို အချိန်စောစွာ ကပင် သတိပေးချက်ထုတ်ပြန်ပေးနိုင်ခဲ့ သည်။ သို့သော်လည်း တောင်တန်း ဒေသများတွင် မုန်တိုင်းကြောင့်ပျက်စီး ဆုံးရှုံးမှုများရှိကြောင်း သိရသည်။

**သတိပေး**

မိုးလေဝသကျွမ်းကျင်သူများ က ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက် မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း၊ မိုးရေချိန် ၁၈လက်မအထိ ရှိနိုင် ကြောင်း သတိပေးချက်ထုတ်ပြန်ထား သည်။ **အမ်အင်အေ၊ရိုက်တာ**

**ဂျွန်မုန်တိုင်း တိုက်ခတ်မှုကြောင့် မက္ကဆီကိုနိုင်ငံရှိ လမ်းများတွင် ရေလွှမ်းနေသည်ကို ဩဂုတ် ၃၁ ရက်က တွေ့ရစဉ်။**

(ဓာတ်ပုံ-အင်တာနက်)





**အမေရိကန်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇ ခရီးသည်တင်လေယာဉ် မီးလောင်မှု ဖြစ်ပွားသဖြင့် လေယာဉ်အရေးပေါ်ထွက်ပေါက်မှ ခရီးသည်များ ဆင်းသက်လာသည်ကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အမေရိကန်ခရီးသည်တင်လေယာဉ် မီးလောင် မီယာမီလေဆိပ်သို့ အရေးပေါ်ဆင်းသက်ခဲ့ရ

**မီယာမီ စက်တင်ဘာ ၂**

အမေရိကန်လေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၃၇ ခရီးသည်တင် လေယာဉ်တစ်စင်းသည် ဩဂုတ်၃၁ရက်က လေယာဉ်၏ မြေပြင်ဆင်းဂီယာတွင် မီးလောင်မှုဖြစ်ပွားသဖြင့် မြေပြင်သို့အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း သိရသည်။

**ဆင်းသက်ခဲ့**

မြောက်ကာရိုလိုင်းနားပြည်နယ် ချာလော့တီမှ ပျံသန်းလာသော ဘိုးရင်း ၇၃၇ ခရီးသည် တင်လေယာဉ်သည် မတော်တဆ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် မီယာမီ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အလျင်အမြန် ဆင်းသက်ခဲ့ရသည်ဟု လေဆိပ်အရာရှိများက ပြောကြားသည်။

**ပြောကြား**

အဆိုပါလေယာဉ်မှ ဝန်ထမ်းများက လေယာဉ်၏ဝဲဘက်ရှိ မြေပြင်ဆင်း ဂီယာမှာ မီးလောင်ပြီး မီးခိုးများထွက်နေကြောင်း သတင်းပို့ခဲ့သည်ဟု အမေရိကန်ပြည်ထောင်စု လေကြောင်း ထိန်းသိမ်းရေးအဖွဲ့ရုံးမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

**တင်ဆောင်ပျံသန်း**

ထိုလေယာဉ်မှာ အမေရိကန်လေကြောင်းလိုင်း၏ လေယာဉ်ခရီးစဉ် အမှတ် ၄၃၂အဖြစ် ခရီးသည် ၁၁၃ဦးနှင့် ဝန်ထမ်းငါးဦးကို တင်ဆောင်ပျံသန်းလာသော လေယာဉ်ဖြစ်သည်ဟု သိရသည်။

**အမ်အင်အေး၊ ရိုက်တာ**

# မလေးရှားစီးပွားရေး ပထမခြောက်လ၌ ခြောက်ရာခိုင်နှုန်းခန့် တိုးတက်

ကွာလာလမ်ပူ စက်တင်ဘာ ၂

**မလေးရှားနိုင်ငံ၏ စီးပွားရေးသည် ၂၀၀၆ခုနှစ်တွင် နှစ်ချင်းအလိုက် တွက်ချက်ရာတွင် ပထမခြောက်လ၌ ၅ ဒသမ ၉ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း မလေးရှားစာရင်းအင်းဦးစီးဌာနက ဩဂုတ်၃၀ရက်၌ ပြောကြားသည်။**

အဆိုပါ ကာလအတွင်း ဝန်ဆောင်မှုနှင့် ထုတ်လုပ်မှုကဏ္ဍများသည် ၆ရာခိုင်နှုန်းနှင့် ၈ဒသမ၄ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း ၎င်းစာရင်းအင်းဦးစီးဌာနမှ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်၌ ဖော်ပြသည်။

**တိုးတက်**

ထိုသို့ စီးပွားရေးတိုးတက်ရာတွင် စိုက်ပျိုးရေးကဏ္ဍတွင် ၅ ဒသမ ၈ရာခိုင်နှုန်းတိုးတက်ပြီး ဆီအုန်း၊ ငါးဖမ်းလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် ရော်ဘာစိုက်ပျိုးရေးလုပ်ငန်းများလည်း တိုးတက်ခဲ့ကြောင်း သိရသည်။

**အနည်းငယ်ကျဆင်း**

အဆိုပါ ကာလအတွင်း သွင်းကုန်၊ ပို့ကုန်လုပ်ငန်းများလည်း တိုးတက်ခဲ့ကြောင်း၊ သို့ရာတွင် ဆောက်လုပ်ရေးနှင့် ဓာတ်သတ္တုတူးဖော်ရေးတို့တွင် အနည်းငယ်ကျဆင်းခဲ့သည်ဟု ဆိုသည်။

**အမ်အင်အေး၊ဆင်ဟွာ**

မြန်မာ့အလင်း
## နိုင်ငံတကာ သတင်းများ

# အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် ငလျင်လှုပ်

**ဂျကာတာ စက်တင်ဘာ ၂**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီ ကျွန်းမြောက်ပိုင်းတွင် ဩဂုတ် ၃၁ ရက်က အင်အား ၆ အဆင့်ရှိ ရေအောက်ငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း၊ သို့ရာတွင် ဆူနာမီဒီရေလှိုင်းများ ဖြစ်ပေါ်လာခြင်းမရှိကြောင်း အင်ဒိုနီးရှားနိုင်ငံ မိုးလေဝသ ဌာနက သတင်းထုတ်ပြန်သည်။

**ဗဟိုပြု**

ငလျင်သည် ညနေ ၄နာရီ ၀၈ မိနစ်က ဆူလာဝေစီပြည်နယ်မြောက်ပိုင်းရှိ မနာဒိုမြို့အရှေ့တောင်ဘက် ကီလိုမီတာ ၁၈၀ အကွာ၊ ပင်လယ်ရေအောက် ၇၈ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်သွားခဲ့ကြောင်း မိုးလေဝသနှင့် ဘူမိဗေဒဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယူလီဖစ်ရီက ပြောကြားသည်။

ဆူနာမီဒီရေလှိုင်းများ မဖြစ်ပေါ်လာခြင်းသည်ပင်လယ်ရေအောက် ၇၈ ကီလိုမီတာ အကွာကိုဗဟိုပြုလှုပ်ခတ်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပျက်စီးမှုနှင့် သေဆုံးမှုသတင်းကို မရရှိသေးကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**အမ်အင်အေး၊ဆင်ဟွာ**

# အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး ပြန်လွှတ်ပေးမည်

ဘေရွတ် စက်တင်ဘာ ၂

**အစ္စရေးနှင့် အကျဉ်းသားလဲလှယ်ရေးအဖြစ် ဖမ်းဆီးထားသော အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို လွှတ်ပေးမည်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ အရာရှိကြီးတစ်ဦးက ဩဂုတ် ၃၀ ရက်၌ ပြောကြားလိုက်သည်။**

**မဖြစ်နိုင်**

ထိုသို့ အပြန်အလှန် အကျဉ်းသားလဲလှယ်ရေး မဟုတ်ဘဲ အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ပြန်လွှတ်ပေးရန်မှာ မဖြစ်နိုင်ကြောင်း လက်ဘနွန်နိုင်ငံ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးမိုဟာမက်ဖနစ်က သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ပြောကြားသည်။

**ပြန်လည်ပြောကြား**

မိုဟာမက်ဖနစ်သည် ဟစ်ဇ်ဘိုလာဝန်ကြီး တစ်ဦးဖြစ်ပြီး လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့တွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်နှင့် တွေ့ဆုံဆွေးနွေးစဉ် အထက်ပါအတိုင်း ပြောကြားခဲ့သည်ကို သတင်းစာရှင်းလင်းပွဲ၌ ပြန်လည်ပြောကြားခြင်းဖြစ်သည်။

အဆိုပါ အစ္စရေးတပ်ဖွဲ့ဝင် နှစ်ဦးကို ဟစ်ဇ်ဘိုလာတို့က ပြီးခဲ့သည့် ဇူလိုင် ၁၂ ရက်က ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ပြီး ထိုသို့ဖမ်းဆီးခဲ့မှုကြောင့် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ သီတင်းငါးပတ်ကြာ တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

**ကျန်းမာ**

အစ္စရေးတပ်ဖွဲ့ဝင် နှစ်ဦးအနေဖြင့် ဟစ်ဇ်ဘိုလာတို့ လက်ထဲတွင် ကျန်းမာစွာရှိနေကြောင်းလည်း ဟစ်ဇ်ဘိုလာဝန်ကြီး မိုဟာမက်ဖနစ်က ပြောကြားသည်။

**လိုလား**

အစ္စရေးနိုင်ငံ အကျဉ်းထောင်များ၌ရှိနေသော လက်ဘနွန် အကျဉ်းသားများနှင့် အစ္စရေးတပ်ဖွဲ့ဝင်နှစ်ဦး လဲလှယ်ရေးကို ဟစ်ဇ်ဘိုလာတို့က လိုလားလျက်ရှိသည်။

**အမ်အင်အေး၊ရိုက်တာ**

# လက်ဘနွန်သို့ ပေါ်တူဂီတပ်ဖွဲ့ဝင်များ ရောက်ရှိ

**လစ္စဘွန်း စက်တင်ဘာ ၂**

ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့်အတူ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့တွင် ပူးပေါင်းပါဝင်ရန် ပေါ်တူဂီတပ်ဖွဲ့ဝင် ၁၄၀ကိုစေလွှတ်လိုက်ပြီဖြစ်ကြောင်း ပေါ်တူဂီ ကာကွယ်ရေးဝန်ကြီး နူဒိုနိုစီဗာရီရာနိုတေဇီရာက ဩဂုတ် ၃၀ ရက်၌ ပြောကြားသည်။

စေလွှတ်လိုက်သည့် ပေါ်တူဂီ တပ်ဖွဲ့ဝင်များမှာ မြေပြင်တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်မဟုတ်ကြောင်း လက်ဘနွန်တောင်ပိုင်းတွင် အခြေခံအဆောက်အအုံများ ပြန်လည်ထူထောင်ရေးတွင် ဆောင်ရွက်ကြရန် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**စေလွှတ်သွားမည်**

ပေါ်တူဂီတပ်ဖွဲ့အနေဖြင့် လာမည့် အောက်တိုဘာ ၁၄ ရက်တွင် တပ်ဖွဲ့ဝင်များကို ထပ်မံစေလွှတ်မည် ဖြစ်ကြောင်း သိရသည်။ လက်ဘနွန်ရှိ ကုလသမဂ္ဂတပ်ဖွဲ့ဝင်များ စေလွှတ်ရေး ဆောင်ရွက်ရာတွင် အီတလီက တပ်ဖွဲ့ဝင် ၂၅၀၀ကို စေလွှတ်ရန် ကတိပေးထားပြီး ပြင်သစ်က တပ်ဖွဲ့ဝင် နှစ်ထောင်အထိ စေလွှတ်သွားမည်ဟု ကတိပြုထားသည်။

**ဖြန့်ချမည်**

ကုလသမဂ္ဂအနေဖြင့် အစ္စရေးတပ်ဖွဲ့ဝင်များရုပ်သိမ်းရာတွင် အစားထိုးရန် တပ်ဖွဲ့ဝင် ၁၅၀၀၀ ခန့် ဖြန့်ချမည်ဖြစ်သည်။

**အမ်အင်အေး၊ဆင်ဟွာ**

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား



## ပူဖောင်းအရေအတွက် အများဆုံးရုပ်တု

**သားရေပူဖောင်းများဖြင့် ပြုလုပ်ထားသောရုပ်တုတစ်ခုကို တွေ့ရစဉ်။** (ယာပုံ)

ကယ်လီဖိုးနီးယားပြည်နယ်သား ဂျွန်နီနိုမီယာက ပူဖောင်းအလုံး၂၀၀၀၀ဖြင့် ကမ္ဘာပေါ်တွင် အကြီးဆုံးဦးထုပ်ကြီးတစ်ခုကို ပြုလုပ်ခဲ့သည်။ သူသည် အဆိုပါသားရေပူဖောင်း အရေအတွက် အများဆုံးဖြင့် ပြုလုပ်ထားသော ဦးထုပ်ပုံရုပ်တုကြီးဖြင့် ကယ်လီဖိုးနီးယားရှိ အွန်တာရီရိုရေအိုင်ပေါ်တွင် ဖြတ်သန်းစီးနင်းပြသခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**

## ဘီစီ ၅၀၀ ခန့်က ရုပ်ထွင်းကားချပ်

**လွန်ခဲ့သောဘီစီ ၅၀၀ ခန့်ကပြုလုပ်ခဲ့သည့် ရုပ်ထွင်းပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။** (ဝဲပုံ)

အဆိုပါ ရုပ်ထွင်းကားချပ်ကို ဂရိနိုင်ငံအေသင်မြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုပြတိုက်၌ သိမ်းဆည်းထား သည်။ ၎င်းရုပ်ထွင်းကားချပ်ကို ရွှေအတိဖြင့်ပြုလုပ်ထားခြင်းဖြစ်ပြီး ဘီစီ ၅၀၀-၄၉၀ ခန့်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

**(အင်တာနက်)**



### ❐ ကျောဖုံးမှ

ဆိုင်ရာ အချက်အလက်များ၊ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီ ခရိုင်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေ၊ စီမံကိန်းသီးနှံများနှင့် ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးပြီးစီးမှု အခြေအနေ၊ သီးနှံစိုက်စွမ်းအားနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

#### အမျိုးသားရေးတာဝန်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ပဲခူးတိုင်းတွင် မိုးစပါးအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ်မှစ၍ တစ်နှစ်နှစ်သိန်းနှုန်းဖြင့် ဧကခြောက်သိန်း တိုး၍ ယခုနှစ်တွင်ဧကသိန်း၃၀လျာထားဆောင်ရွက်လျက်ရှိရာ လျာထားချက်ပြည့်မီရန် အနည်းငယ်သာလိုတော့၍ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ မိုးစပါးပြီးလျှင် ပဲနှင့် နွေစပါးကို ဆက်လက်စိုက်ပျိုးသည့်အခါ ဆည်ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ဆီထွက်သီးနှံကိုလည်း လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမယ်သစ်သီးနှံ ငရုတ်ကောင်းကို တောတောင်များတွင် မိရိုးဖလာစိုက်နည်း၊ အိမ်ဝိုင်းတွင်း သစ်ပင်ကြီးများတွင် တွယ်ကပ်စိုက်နည်းများဖြင့် စိုက်ပျိုးကြရမည် ဖြစ်ကြောင်း၊ ပဲခူးတိုင်းအနောက်ခြမ်း၌ မိုးများသော သာယာဝတီခရိုင်တွင် စက်မှုကုန်ကြမ်းရော်ဘာကို တိုးချဲ့စိုက်ပျိုး၍ သုံးနှစ်အတွင်းဧကတစ်သိန်း လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ခြံစည်းရိုး ကြက်ဆူပင်များကို သတ်မှတ်ထားသော လျာထားချက်ပြည့်မီအောင် စိုက်ပျိုးရန်နှင့် ကျန်ရှိနေသည့် ခြံစည်းရိုး ကြက်ဆူပင်များကို ဆောင်းရာသီတွင် ဆက်လက် စိုက်ပျိုးသွားရန်ဖြစ်ကြောင်း၊ စိုက်ပြီးအပင်များကို ထိန်းသိမ်းစောင့်ရှောက်မှု အပိုင်းတွင် ဂရုတစိုက်စီစဉ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အိမ်တိုင်းအိမ်တိုင်း တစ်ပိုင်တစ်နိုင်မှ တစ်အုပ်တစ်မစိုက်ပျိုးရန်နှင့် အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနက ချမှတ်ပေးထားသော စီမံကိန်းများကို အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိုးကာလဖြစ်သဖြင့် ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အစီအစဉ်များကို တာဝန်ရှိသူများက အဆင့်ဆင့်ကြီးကြပ်၍ ပြည်သူတို့၏ အင်အားကိုရယူ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ပဲခူးတိုင်း (အနောက်ပိုင်း) ၌ ၂၀၀၆-၂၀၀၇ခုနှစ် မိုးစပါးလျာထားဧက ၁၂၄၂၄၇၁ဧက၌ စိုက်ပျိုးပြီး ၁၂၂၀၀၇၅ဧက၊ ခြံစည်းရိုးကြက်ဆူပင် လျာထားဧက ၃၆၉၀၀၀၌ စိုက်ပျိုးပြီး ၂၆၄၆၈ ဒသမ ၈၂ဧက၊ ကော်ဖီ လျာထားဧက ၄၉၅ဧကနှင့် ငရုတ်ကောင်းလျာထား ၁၈၉ ဧကတို့၌ လျာထားဧက အပြည့်အဝ စိုက်ပျိုးပြီး ဖြစ်သည်။





**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ် ၁၂၅/၁နေ ဦးထွေးဟန်-ဒေါ်ယဉ်ယဉ်မွန်း၏ အသက်(၇၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဖခင်ကြီး ဦးစိန်ထွန်း-မိခင်ကြီး ဒေါ်အေးရီအား ရည်စူး၍ မန္တလေးတိုင်း ဈေးချို (အကယ်ဒမီရွှေဆိုင်နှင့် ပါတိတ်ဆိုင်) မောင်နှမတစ်စုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ (M.A)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## လယ်တီဆရာတော်ကြီး၏ ဘဝဖြစ်စဉ်မှတ်တမ်း မြဝတီရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**ရန်ကုန် စက်တင်ဘာ ၂**

လယ်တီဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အရှင်ဉာဏဓဇ၏ ဘဝဖြစ်စဉ် ထေရုပ္ပတ္တိမှတ်တမ်းကို မြဝတီရုပ်မြင်သံကြားမှ စက်တင်ဘာ ၄ရက် ည ၈နာရီ သတင်းအပြီးမှစတင်၍ တနင်္ဂနွေနေ့မပါ နေ့စဉ် ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

အဆိုပါ မှတ်တမ်းတွင် လယ်တီဆရာတော်ကြီး၏ အမျိုး၊ ဘာသာ၊ သာသနာအကျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပုံများကို ကြည့်ရှုကြည်ညို သဒ္ဒါပွားများနိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပြည်မြို့နယ်မြေခံ တပ်ရင်းနဝဒေးခန်းမသို့ သွားရောက်၍ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

#### ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မင်းလှမြို့ သရက်တပင် ကျေးရွာမြို့ထွက် ဧက၅၀၀ စံပြကွက်ရှိ တောင်သူဦးခင်စိုး၏ လယ်မြေ၌ ကျင်းပသော တတိယအကြိမ် စုပေါင်းတမန်းနှိုးပေါင်းလိုက် မြေဩဇာကြဲပက်ပွဲသို့ ရောက်ရှိပြီး တောင်သူများ စုပေါင်းတမန်းနှိုးပေါင်းလိုက်မြေဩဇာကြဲပက်နေမှုကို ရှုရပ်မှ ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးစန်းမောင်က ၂၀၀၆-၂၀၀၇ခုနှစ် ပဲခူးတိုင်း(အနောက်ပိုင်း) မိုးစပါး စိုက်ပျိုးပြီးစီးမှု၊ တမန်းနှိုး မြေဩဇာကြဲပက်ခြင်း၏ ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။

#### စံနမူနာပြ

ပဲခူးတိုင်း၌ ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ သုံးနှစ်အတွင်း နှစ်စဉ်စိုက်ဧကနှစ်သိန်း တိုးချဲ့၍ဧကသိန်း၃၀ အထိ စိုက်ပျိုးရန် သတ်မှတ်ပေးထားချက်အရ ပဲခူးတိုင်း (အနောက်ပိုင်း) ၌လည်း နှစ်စဉ်ဧကတစ်သိန်း မြေလွတ်မြေရိုင်းများကို လယ်မြေအဖြစ် ဖော်ထုတ်ရာတွင် မြေညံ့များ၊ သဲကြောဆန်သော မြေများလည်း ပါဝင်ရာ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြို့ဝင်၊ မြို့ထွက်စိုက်ကွက်၂၈ ကွက်ရှိ စုစုပေါင်းဧက သုံးသိန်း၌ ယခုကဲ့သို့ စံနမူနာပြအဖြစ် တမန်းနှိုး မြေဩဇာကြဲပက်ခြင်းကို သုံးကြိမ် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရန်ကုန်-ပြည်လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မိုးစပါးစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။ **(သတင်းစဉ်)**





## အခွင့်အလမ်းဂျာနယ်၏ တစ်နှစ်ပြည့် အထိမ်းအမှတ် စီးပွားရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများဟောပြော

**ရန်ကုန် စက်တင်ဘာ ၂**

Two-Four DMA Media Group က ထုတ်ဝေသည့် အခွင့်အလမ်းဂျာနယ်၏တစ်နှစ်ပြည့်အထိမ်းအမှတ်စီးပွားရေးနှင့်စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများ ဟောပြောဆွေးနွေးပွဲကို ယနေ့ ညနေ ၃နာရီက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ အင်ဖိုတက် အဆောက်အအုံခန်းမ၌ ကျင်းပရာ အခွင့်အလမ်း ဂျာနယ်တာဝန်ခံ စာတည်း ဦးသန်းစိုးနှင့် စာတည်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဂျာနယ်တိုက်များမှ စာတည်းအဖွဲ့ဝင်များ၊ MBA သင်တန်းမှ သင်တန်းသား သင်တန်းသူများ၊ အခွင့်အလမ်းဂျာနယ် Fan Club အဖွဲ့ဝင်များ၊ စာဖတ်ပရိသတ်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

#### နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ အခွင့်အလမ်းဂျာနယ် တာဝန်ခံ စာတည်း ဦးသန်းစိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

#### ပြန်လည်ဆွေးနွေး

ယင်းနောက်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာနမှ ပါမောက္ခ ဒေါက်တာဒေါ်ခင်စန်းရီ **(အပေါ်ပုံ)** က Selling ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးပြီး သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဆွေးနွေးသည်။

ထို့နောက် အခွင့်အလမ်းဂျာနယ် တာဝန်ခံစာတည်းဦးသန်းစိုးကကျေးဇူးတင်စကားပြောကြားပြီး ဟောပြောဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

#### ပုံမှန်ကျင်းပမည်

အခွင့်အလမ်း ဂျာနယ်သည် စီးပွားရေးနှင့် စီမံခန့်ခွဲမှုလုပ်ငန်းဆိုင်ရာများတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်များ အကျိုးရှိစေရန် ဟောပြောဆွေးနွေးပွဲများကို လေးလလျှင် တစ်ကြိမ် ပုံမှန်ကျင်းပသွားရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ဖြည့်စွက်ဖတ်ရှုပါရန်

**ရန်ကုန် စက်တင်ဘာ ၂**

၂၀၀၆ခုနှစ် စက်တင်ဘာ ၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပါရှိသော ဒုတိယဝန်ကြီး ဦးမောင်မြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိသတင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သီဟဟု ဖြည့်စွက်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**

## ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှု အန္တရာယ်များသည့်ကိန်းသို့ ဆိုက်နေ

ကမ္ဘာကြီးသည် အန္တရာယ်များသည့် ရာသီဥတုပြောင်းလဲမှုအခြေအနေအတွင်း ဆိုက်ရောက်နေပြီ ဖြစ်ကြောင်း အမေရိကန် ထိပ်တန်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားလိုက်သည်။

ရာသီဥတု ပြောင်းလဲမှုမှာကြိုတင်ခန့်မှန်းထားသည်ထက် များစွာ ပိုမိုမြန်ဆန်နေကြောင်းဖြင့် အမေရိကန် သိပ္ပံမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ ဂျွန်ဟိုးဒရင်းက ပြောကြားလိုက်သည်။

#### ထောက်ပြ

လူ့ပယောဂကြောင့် ကမ္ဘာ့ ရာသီဥတုအန္တရာယ် ကြီးမားစွာ ပြောင်းလဲလာမှုကို မိမိတို့ တွေ့ရှိနေရကြောင်း ပါမောက္ခဟိုးဒရင်းကပြောကြားလိုက်ပြီးဂရင်းလန်းရေခဲအရည်ပျော်ကျမှု၏ အရေးပါမှုကိုထောက်ပြပြောဆိုသည်။



#### ထူးထူးကဲကဲ

ယခုအတိုင်းသာ ပစ်ထားလျှင် ကမ္ဘာပေါ်တွင် အပူလှိုင်းများ ပိုမိုကြုံတွေ့ပြီး တောမီးလောင်မှုများ ပိုများကာ ရေလွှမ်းမိုးမှုများလည်း ထူးထူးကဲကဲ ရင်ဆိုင်ရမည်ဟုဆိုသည်။

ပင်လယ် ရေမျက်နှာပြင်သည် ၁၃ ပေအထိ မြင့်တက်နိုင်သည့်အတွက် ခန့်မှန်းထားသည်ထက် များစွာပိုသည်။ ဂရင်းလန်းရေခဲအရည်ပျော်မှု တစ်ခုတည်းကြောင့်ပင် ပင်လယ်ရေမျက်နှာပြင်မှာ ၂၃ ပေအထိ မြင့်တက်ပြီး မြို့တော်အများအပြားရေမြုပ်သွားနိုင်ကြောင်း ၎င်းက ပြောဆိုသည်။

#### အပြစ်တင်

ထိုသို့သော အခြေအနေတွင် ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ လျှော့ချရေးကို လက်မခံရုံမျှမက ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ရန် နည်းပညာအသုံးချမည်ဟူသော လေလုံးထွားသည့်အတိုင်း မလုပ်ဆောင်နိုင်သည့်အတွက် သမ္မတဘုရှ်အား အမေရိကန် ပါမောက္ခ ဟိုးဒရင်းက ပြစ်တင်ပြောကြားလိုက်သည်။ **(ကိုးကား-အင်တာနက်)**

**အင်တာနက် သတင်းနှင့် ဓာတ်ပုံ**

# မိခင်နှင့်ကလေးကျန်းမာရေးစောင့်ရှောက်မှု အလေးထား ကျေးရွာတိုင်း အရန်သားဖွားဆရာမတစ်ဦးနှုန်း ထားရှိပေးမည် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု အပြည့်အဝလွှမ်းခြုံရန်ရည်ရွယ်



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက အရန်သားဖွားဆရာမ တစ်ဦးအား ကျန်းမာရေးလုပ်ငန်းသုံး ကစ်ပုံး ပေးအပ်စဉ်။
(ဓာတ်ပုံမှတ်တမ်း–ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန)

**တွေ့ဆုံမေးမြန်းရေးသားသူ–မြင့်မောင်စိုး၊ ဓာတ်ပုံမှတ်တမ်း–ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန**

**ရန်ကုန် စက်တင်ဘာ ၂**

ကုလသမဂ္ဂ၏ ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (Millineum Development Goal) ပြည့်မီရေး အတွက် မိခင်များ၏ ကျန်းမာရေး အဆင့် မြင့်တင်ရန် လိုအပ်လျက် ရှိသကဲ့သို့ ၂၀၁၅ခုနှစ်တွင် မိခင်သေ ပျောက်နှုန်းကို ၁၉၉၀ ပြည့်နှစ်ကထက် လေးပုံ သုံးပုံလျှော့ချရေးသည် အလွန် အရေးကြီးသော လုပ်ငန်းတစ်ရပ်ဖြစ် လာသည်။

**သင်တန်းဖွင့်လှစ်**

ယင်းရည်မှန်းချက်ကို အကောင် အထည်ဖော်သည့်အနေဖြင့် ရန်ကုန် တိုင်း ကျန်းမာရေး ဦးစီးဌာနက တိုင်းအတွင်းရှိ မြို့နယ်များအပြင် ကျေးရွာတိုင်း ကျေးရွာတိုင်း အရန် သားဖွားဆရာမများ ထားရှိနိုင်ရေး အတွက် သင်တန်းများ ဖွင့်လှစ်သင် ကြားပေးလျက်ရှိသည်။

၎င်းအရန် သားဖွားဆရာမများ အား သင်တန်းများ ဖွင့်လှစ်၍ သင်ကြားပေးနေမှုများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းရန် မြန်မာ့ အလင်းသတင်းအဖွဲ့က အမှတ်၅၂၀ အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန် တိုင်း ကျန်းမာရေး ဦးစီးဌာနမှူးရုံးသို့ သွားရောက် စေ့ငုခဲ့သည်။

**လျှော့ချရန်**

ရှေးဦးစွာ ရန်ကုန်တိုင်း ကျန်းမာ ရေးဦးစီးဌာနမှူး ဒေါက်တာဦးလှမြင့် က ပြောကြားရာတွင် “မိခင်နှင့် ကလေး အသေအပျောက်နှုန်းကို လျှော့ချရန်အတွက် ကျေးရွာတိုင်း သားဖွားဆရာမ တစ်ဦးနှုန်း ထားရှိနိုင် ရေးအတွက် ရည်ရွယ်၍ အရန်သားဖွား ဆရာမ သင်တန်းများကို သင်ကြား ပေးလျက်ရှိကြောင်း၊ ရန်ကုန်တိုင်း အတွင်း ကျေးရွာပေါင်း၂၂၅၅ ရွာရှိရာ တွင် အခြေခံကျန်းမာရေး ဝန်ထမ်း ဖြစ်သော သားဖွားဆရာမ ရှိသော ကျေးရွာ၅၂၉ရွာ၊ အရန်သားဖွားဆရာမ ရှိသော ကျေးရွာ ၇၆၈ ရွာ စုစုပေါင်း ၁၂၉၇ရွာသာရှိကြောင်း၊ ယခုအခါ အရန်သားဖွားဆရာမ သင်တန်း ပထမအသုတ်တွင် ၈၄ဦး၊ ဒုတိယ အသုတ်တွင် ၉၈ဦးတို့အား သင်တန်း ဆင်းပေးလိုက်နိုင်ပြီဖြစ်၍ သားဖွား ဆရာမ ရှိသော ကျေးရွာပေါင်းမှာ ၁၄၇၉ ရွာ ရှိလာပြီးဖြစ်ကြောင်း၊ သို့ရာတွင် သားဖွားဆရာမ မရှိသေး သော ကျေးရွာပေါင်း ၇၇၆ ရွာ ကျန်ရှိသေးကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ပေးအပ်ခဲ့**

အရန် သားဖွားဆရာမအဖြစ် ခြောက်လသင်တန်း၏ ဒုတိယအသုတ် သင်တန်းဆင်းပွဲကို ဩဂုတ် ၂၅ ရက် က ရန်ကုန်သူနာပြု တက္ကသိုလ်၌ ကျင်းပခဲ့ရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း တက် ရောက်၍ အရန်သားဖွားဆရာမသုံး ကစ်ပုံး (Kit)များကို သင်တန်းဆင်း အရန်သားဖွားဆရာမ ၉၈ဦးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မွေးထုတ်ရန်**

အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်၍ အမှာစကားပြောကြား ရာ၌ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အနေဖြင့် မြို့နယ်များနှင့် ကျေးလက် ဒေသအတွင်းရှိ မိခင်များ၏ လုံခြုံစိတ်ချ သော မိခင်ဘဝကို ရရှိခံစားစေရန် ရည်ရွယ်၍ အရန်သားဖွားဆရာမ စီမံ ချက်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့် ရှောက်ရေးအသင်းကြီးကလည်း၂၀၀၆ ခုနှစ်အတွက် ချမှတ်ထားသော ရှေ့ လုပ်ငန်းစဉ် အမှတ်(၄)အနေဖြင့် ဒေသခံ အရန်သားဖွားဆရာမများ မွေး ထုတ်ရန်ဟူ၍ ဆောင်ရွက်စေခဲ့ကြောင်း ဖြင့် ပြောကြားခဲ့သည်။

**တာဝန်ယူဆောင်ရွက်နေ**

ရန်ကုန်တိုင်းအတွင်း ကျေးရွာ ပေါင်း ၂၂၅၅ရွာတွင် သားဖွားဆရာမ ၅၂၉ဦးနှင့် အရန်သားဖွားဆရာမ ၇၆၈ ဦးတို့က တာဝန်ယူဆောင်ရွက်နေခြင်း ကြောင့် ကျေးရွာတိုင်းတွင် ကိုယ်ဝန် ဆောင်စောင့်ရှောက်မှုအတွက် အပြည့် အဝ လွှမ်းခြုံနိုင်မှု မရှိသေးကြောင်း၊ ထို့ကြောင့် အရန်သားဖွားဆရာမ သင်တန်းများကို ဆက်လက်ဖွင့်လှစ် သွားမည်ဖြစ်ကြောင်း ၎င်းက ပြော ကြားသည်။

ပထမအကြိမ် အရန်သားဖွား ဆရာမ သင်တန်းကို ၂၀၀၅ ခုနှစ်က ခရမ်း၊ ကွမ်းခြံကုန်း၊ သန်လျင်၊ သုံးခွ၊ တွံတေး၊ လှည်းကူး၊ မှော်ဘီနှင့် တိုက်ကြီးမြို့နယ်ရှိ ကျေးရွာများမှ အရန်သားဖွားဆရာမ ၈၄ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ဒုတိယ အကြိမ် သင်တန်းကို ၂၀၀၆ခုနှစ် ၁–၁–၂၀၀၆ရက်မှ ၁–၇–၂၀၀၆ရက် အထိဖွင့်လှစ်ကာ အထက်ပါ မြို့နယ် ရှစ်မြို့နယ် အပါအဝင် ကျောက်တန်း နှင့် ထန်းတပင်မြို့နယ်များ ပါလာစေ ပြီး သင်တန်းသား ၉၈ဦးအား မွေး ထုတ်ပေးနိုင်ခဲ့သည်။



**ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အရန်သားဖွား ဆရာမသင်တန်း ၂/၂၀၀၆ ဆင်းပွဲကို ရန်ကုန်သူနာပြု တက္ကသိုလ်၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်း အရန်သားဖွားဆရာမများ မွေးဖွားရာတွင် အသုံးပြုသော ပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့စဉ်။**
(ဓာတ်ပုံမှတ်တမ်း–ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန)

**သင်တန်းဖွင့်လှစ်**

ဆက်လက်၍ ၂၀၀၆ခုနှစ် အောက်တိုဘာ ၁ရက်မှစ၍ မြို့နယ် ၁၈မြို့နယ်ရှိ ကျေးလက်ဒေသမှ အရန် သားဖွားဆရာမ ၁၃၀အား မြို့နယ် အလိုက် စာတွေ့လက်တွေ့သင်တန်း ခြောက်လကို သင်တန်းများဖွင့်လှစ် ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အရန်သားဖွားဆရာမ သင်တန်းအတွက် သင်တန်းသားများ ကို ကျေးရွာနှင့် မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းနှင့် အသင်းခွဲများ၏ ကူညီပံ့ပိုးမှုဖြင့် အသက် ၁၈နှစ်ပြည့်ပြီး တက္ကသိုလ် ဝင်တန်း အောင်မြင်သူများအား ရွေးချယ် သင်ကြားပေးခဲ့ကြောင်း၊ ထိုရွေးချယ်ခံရသူများသည် ကျေးရွာ ၌ အမြဲတမ်းနေထိုင်သူ ဖြစ်ရမည် ဖြစ်သည်။

ဤကဲ့သို့ အရန်သားဖွားဆရာမ သင်တန်းလုပ်ငန်းစီမံချက်ကို ကျန်း မာရေးဦးစီးဌာန၏ ပံ့ပိုးမှု၊ ရန်ကုန် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှု၊ မြို့ နယ်နှင့် ကျေးရွာအေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြို့နယ်ကျန်း မာရေးဦးစီးဌာနမှူးများ၏ ကြိုးပမ်းမှု ဖြင့် အကောင်အထည်ဖော် ဆောင် ရွက်ခဲ့သည်။

**အမှန်တကယ်**

သို့ဖြစ်၍ အရန်သားဖွားဆရာမ သင်တန်းများ ဖွင့်လှစ်ပေးခြင်းဖြင့် ကျေးရွာတိုင်း အရန်သားဖွားဆရာမ တစ်ဦးနှုန်း ထားရှိလာနိုင်တော့မည် ဖြစ်၍ မိခင်နှင့်ကလေးသေဆုံးမှုနှုန်းကို အမှန်တကယ် လျှော့ချလာနိုင်တော့ မည်ဖြစ်ပါကြောင်း မိခင်များအတွက် ဝမ်းမြောက်သတင်းစကား ပါးလိုက် ရပါသည်။ ။ **(မြန်မာ့အလင်း)**

## ● ကျောဖုံးမှ

အခြေအနေများနှင့်စပ်လျဉ်း၍အကျယ် တဝင့် ရှင်းလင်းအမှာစကားပြောကြား သည်။

ထို့နောက် ပျဉ်းမနား ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်ဇော် အား ပျဉ်းမနား၊ လယ်ဝေးနှင့်တပ်ကုန်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ဥက္ကဋ္ဌများက မိုးစပါး ထွန်တုံးပိတ်ခြင်း အစီရင်ခံစာများ ပေးအပ်ကြသည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပျဉ်းမနားခရိုင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမှတ်ကြီးက ကောက်စိုက်စွမ်းရည် ပြိုင်ပွဲနှင့် ပတ်သက်သည့် စည်းမျဉ်း များနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပါဝင်ယှဉ်ပြိုင်ကြ မည့် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့ နယ်၊ တပ်ကုန်းမြို့နယ်နှင့် ပျဉ်းမနား ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကွင်းအတွင်းရှိ သတ်မှတ်နေရာများတွင် နေရာယူကြ ပြီး ပြိုင်ပွဲကို စတင်ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှု အားပေးကြသည်။

**အရောင်းပြခန်းကြည့်ရှု**

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့်အဖွဲ့ဝင်များသည် ပြိုင်ပွဲ အနီး၌ ပြသထားသည့် မြန်မာ့ဩဘာ လုပ်ငန်းစု ကုမ္ပဏီလီမိတက်ပြခန်း၊ ငါးလုပ်ငန်းဦးစီးဌာန ပြခန်းနှင့် စက်မှု လယ်ယာဦးစီးဌာန လယ်ယာသုံး စက်ကိရိယာ အရောင်းပြခန်းတို့ကို လှည့်လည်ကြည့်ရှုကြသည်။

**ဂုဏ်ပြုဆုငွေချီးမြှင့်**

ထို့နောက် ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အဖွဲ့ လိုက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တစ်ဦးချင်း ကောက်စိုက်စွမ်းရည်ပြိုင် ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချပြိုင် ပွဲများတွင် ဆုရရှိကြသော အသင်းများ နှင့် တစ်ဦးချင်းဆု ရရှိကြသူများအား ပျဉ်းမနားခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများကို အသီးသီးပေးအပ် ချီးမြှင့်ကြသည်။

**ပေးအပ်**

ယင်းနောက် ပျဉ်းမနားခရိုင် အေး ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ္တဥက္ကဋ္ဌက တိုင်းမှူး ကိုယ်စား နယ်မြေခံတပ်နယ်မှူးဒုတိယဗိုလ်မှူးကြီး အောင်နိုင်နှင့် ငွေကျပ်၁၀သိန်း လှူဒါန်း သော မြန်မာ့ဩဘာလုပ်ငန်းစု ကုမ္ပဏီ လီမိတက်မှ တိုင်းတာဝန်ခံ ဦးနေဝင်း တို့အားလည်းကောင်း၊ ခရိုင်မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမှတ်ကြီးက ပြိုင်ပွဲကျင်းပသည့် စိုက်ကွက်ပိုင်ရှင် တောင်သူ ဦးမြင့် အောင်နှင့်ဇနီးတို့အား လည်းကောင်း ဂုဏ်ပြုမှတ်တမ်း ပန်းချီကားများကို ပေးအပ်ပြီး ပြိုင်ပွဲကို ရုပ်သိမ်းလိုက် သည်။ **(သတင်းစဉ်)**



**နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် ၂၀၀၆– ၂၀၀၇ခုနှစ် ပျဉ်းမနားခရိုင် မိုးစပါး ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက် စွမ်းရည်ပြိုင်ပွဲတွင် ပြသထားသော စက်မှုလယ်ယာဦးစီးဌာန လယ်ယာ သုံးစက်ကိရိယာ အရောင်းပြခန်းကို ကြည့်ရှုလေ့လာစဉ်။**
(သတင်းစဉ်)

## ရွှေရတု ဂုဏ်ပူဇော်သဘင် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂**

မွန်ပြည်နယ် သထုံမြို့ နေမိန္ဒရ တောင် စိတ္တသုခကြွယ်ကျောင်း ရွှေပုတီး ဆရာတော် (ထိုင်း၊ ဩစတြေးလျ၊ အင်္ဂလန်နှင့် ပြည်တွင်း ပြည်ပ သာသနာပြု) ဘဒ္ဒန္တဥတ္တမ မထေရ် မြတ် ဆရာတော်အား စက်တင်ဘာ ၆ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီ တွင် ရွှေရတု ဂုဏ်ပူဇော်သဘင် ကျင်းပ မည်ဖြစ်ရာ ရပ်ဝေးရပ်နီး ဒါယကာ ဒါယိကာမများ ကြွရောက်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရ သည်။

**(၃၅၂)**

# စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကူးပြောင်းထူထောင်ရန် ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို တိတိကျကျ၊ ခိုင်ခိုင်မြဲမြဲချမှတ်ထား

● ရှေ့ဖုံးမှ

## တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်တင်ထွတ်၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူး များ တက်ရောက်ကြသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

## အတော်အသင့်ပြီးစီး

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီတို့မှ တာဝန်ရှိသူများ အနေဖြင့် နောက်တစ်ကြိမ် အမျိုးသားညီလာခံကျင်းပရေးအတွက် ဆောင်ရွက် ဖွယ်ရာကိစ္စများကို အပတ်စဉ် ပုံမှန်အစည်းအဝေးများပြုလုပ်ပြီး ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အတော်အသင့်ပြီးစီးနေပြီဖြစ်ကြောင်း။

နောက်တစ်ကြိမ် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်း လောက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ မိမိတို့ ကြေညာထားခဲ့သည့်အတိုင်း ယခုအခါ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာလုပ်ငန်းများ အသင့်ဖြစ်နေပြီ ဖြစ်ကြောင်း။

## မူဝါဒလမ်းစဉ်(၇)ရပ်

မိမိတို့ တပ်မတော်အစိုးရသည် မိမိတို့၏နိုင်ငံကို စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်ကျင့်သုံးသော နိုင်ငံအဖြစ် ကူးပြောင်းထူထောင် ရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို တိတိကျကျ၊ ခိုင်ခိုင်မြဲမြဲ ချမှတ်ထားပြီးဖြစ်ကြောင်း။

**ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော်ဆောင် ရွက်ရာတွင် အမျိုးသားညီလာခံ ကျင်းပရေးသည် အရေးကြီးသည့်ကိစ္စရပ် တစ်ခုဖြစ်ကြောင်း၊ အနာဂတ်တွင်ကျင့်သုံးမည့် ဒီမိုကရေစီစနစ်နှင့် အံဝင် ခွင်ကျဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်ချက် ဖြစ်ကြောင်း၊ ထိုကဲ့သို့ မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းတာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း။**

## စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲ

ယခု မိမိတို့ကျင်းပနေသည့် အမျိုးသားညီလာခံတွင် အစုအဖွဲ့ ရှစ်ဖွဲ့ ရှိပြီး လူထုလူတန်းစား အလွှာအသီးသီးမှ ပုဂ္ဂိုလ်များပါဝင်ကြောင်း၊ အထူး သဖြင့် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့ဆိုလျှင် အင်အား အများဆုံးဖြစ်ပြီး တိုင်းအဆင့်၊ ခရိုင်အဆင့်မှသည် မြို့နယ်အဆင့်အထိ တိုင်း ရင်းသား ကိုယ်စားလှယ်များပါဝင်ကြကြောင်း၊ အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များ အစုအဖွဲ့၌ဆိုလျှင်လည်း တစ်ချိန်က လက်နက်စွဲကိုင် တိုက်ခိုက်ခဲ့ကြပြီး ယခုဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ဖြစ်ကြသည့် တိုင်း ရင်းသားခေါင်းဆောင်ကိုယ်စားလှယ်များ ပါဝင်ကြကြောင်း၊ **ထို့ကြောင့် ကိုယ် စားလှယ်အင်အားပေါင်း တစ်ထောင်ကျော်ဖြင့် နိုင်ငံတော်၏ အနာဂတ်ရေး အတွက် ညှိနှိုင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ်ကြသည့် အမျိုးသား ညီလာခံကြီး သည်သာလျှင် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်သည်ဟု ပြောကြားလို ကြောင်း။**

နိုင်ငံတော်အစိုးရသည် ချမှတ်ထားပြီး မူဝါဒလမ်းစဉ်များကို အကောင် အထည်ဖော်ဆောင်ရွက်ရင်း တစ်ဖက်မှလည်း ရေရှည်တည်တံ့ခိုင်မြဲမည့်



အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသား ညီလာခံ ကျင်းပ ရေး စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် ရှင်းလင်း တင်ပြစဉ်။ (သတင်းစဉ်)



အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

- ❑ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်အတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အမျိုးသားညီလာခံ ကျင်းပရေးသည် အရေးကြီးသည့် ကိစ္စရပ်တစ်ခုဖြစ်၊ အနာဂတ်တွင် ကျင့်သုံးမည့် ဒီမိုကရေစီစနစ်နှင့် အံဝင်ခွင်ကျဖြစ်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မရှိမဖြစ် လိုအပ်ချက်ဖြစ်၊ မရှိမဖြစ်လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် နိုင်ငံသားအားလုံး၏ တာဝန်လည်းဖြစ်၊ ယင်းတာဝန်ကို အောင်မြင်ပြီးမြောက်သည်အထိ မိမိတို့ ကြိုးပမ်းဆောင်ရွက်ကြရမည်။
- ❑ ကိုယ်စားလှယ်အင်အားပေါင်း တစ်ထောင်ကျော်ဖြင့် နိုင်ငံတော်၏ အနာဂတ်ရေးအတွက် ညှိနှိုင်းတိုင်ပင် ဆွေးနွေးဆုံးဖြတ်ကြသည့် အမျိုးသားညီလာခံကြီးသည်သာလျှင် စစ်မှန်သော တွေ့ဆုံဆွေးနွေးပွဲကြီးဖြစ်။
- ❑ အခြေခံအုတ်မြစ် ခိုင်ခံ့မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည်။
- ❑ ယခုစတုတ္ထအကြိမ် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်း အောက်တိုဘာလ ဒုတိယပတ်လောက်တွင် ကျင်းပမည်။

ဒီမိုကရေစီနိုင်ငံတော်အဖြစ် ရပ်တည်သွားနိုင်ရန် အခြေခံလိုအပ်ချက်များ ဖြစ်သည့် နိုင်ငံတော် လုံခြုံရေး၊ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးတောင့်တင်းခိုင်မာရေးနှင့် စာတတ်ပေတတ် အသိပညာရှင်၊ အတတ်ပညာရှင် စသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းရေးတို့ကို အားသွန်ခွန်စိုက် နေ့မအား၊ ညမနား ကြိုးပမ်းဆောင်ရွက်နေသည်ကို တွေ့မြင်ကြရမည် ဖြစ်ကြောင်း၊ **အခြေခံအုတ်မြစ်ခိုင်ခံ့မှသာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဒီမိုကရေစီနိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်မည် ဖြစ်ကြောင်း။**

### အောက်တိုဘာ ဒုတိယပတ်

ထို့ကြောင့် ၎င်းတို့ကို အချိန်ယူပြီး ကြိုးပမ်းတည်ဆောက်နေခြင်း ဖြစ်ကြောင်း၊ ယခုဆိုလျှင် ၂၀၀၄ ခုနှစ် မေလကစပြီး ပြန်လည်ကျင်းပလာခဲ့သည့် အမျိုးသားညီလာခံသည် တတိယအကြိမ်ရှိသွားပြီ ဖြစ်ကြောင်း၊ **ယခုစတုတ္ထအကြိမ် အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ် နှစ်ကုန်ပိုင်း အောက်တိုဘာလ ဒုတိယပတ်လောက်တွင် ကျင်းပမည်ဖြစ်ကြောင်း။**

ယခု အောက်တိုဘာလ ဒုတိယပတ်တွင် ကျင်းပသည့်အခါ ယခင်ပြီးစီးခဲ့သော အမျိုးသားညီလာခံ၌ ညှိနှိုင်းဆွေးနွေးသဘောတူ ဆုံးဖြတ်ပြီးဖြစ်သည့်

(က) လွှတ်တော်အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု

(ခ) တပ်မတော်ကဏ္ဍ

(ဂ) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ စသည့် ကဏ္ဍသုံးရပ်ကို အသေးစိတ်အခြေခံမူအဖြစ် ချမှတ်နိုင်မည်ဖြစ်ပြီး ချမှတ်ပြီးဖြစ်သည့် အခြေခံမူ ၁၀၄ ချက်မှ ကျန်ရှိသည့် အခန်းလိုက်ခေါင်းစဉ်များကို ကိုယ်စားလှယ်များနှင့် ဆက်လက်ပြီး တိုင်ပင်ဆွေးနွေးသွားကြမည် ဖြစ်ကြောင်း။

### ကြိုတင်စီမံဆောင်ရွက်

ယခုတစ်ကြိမ် အမျိုးသားညီလာခံကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ဒုတိယပတ်အတွင်း ကျင်းပနိုင်ရေးအတွက် ကိုယ်စားလှယ်များအား ကြိုတင်၍ ဖိတ်ကြားရေး၊ ကိုယ်စားလှယ်များ ကြိုဆိုနေရာချထားရေး၊ နေထိုင်စားသောက်ရေး၊ သွားလာရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး ကိစ္စအဝဝတို့ကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုအချိန်မှစပြီး မိမိတို့ ကော်မတီအလိုက် ဆောင်ရွက်ဖွယ်ရာကိစ္စများကို ကြိုတင် စီမံဆောင်ရွက်ထားကြရန်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပသည့်အခါ ညီလာခံကိုယ်စားလှယ်များအား ဖိတ်ကြားရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ညီလာခံသို့လေ့လာသူအဖြစ် တက်ရောက်လိုသူများနှင့် သတင်းရယူလိုသော ပြည်တွင်းပြည်ပသတင်းစာဆရာများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်တို့က အမျိုးသားညီလာခံ ပြန်လည်ကျင်းပရေးအတွက် ကော်မတီအလိုက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### ဆွေးနွေးတင်ပြ

ထို့နောက် တင်ပြသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များနှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက အကြံပြုဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တင်ပြသည့်စာတမ်းများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသော အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

### ခြုံငုံသုံးသပ်ဆွေးနွေး

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က တင်ပြချက်များအပေါ် ခြုံငုံသုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## "မျှော်လင့်ခြင်းများစွာ" ရုပ်ရှင်ဇာတ်ကားမှ အနုပညာရှင်များ ရုပ်ရှင်ကြည့်ပရိသတ်အား အမှတ်တရလက်ဆောင်ပေးပြီး လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့ ပူးပေါင်းရိုက်ကူးပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက နိုင်ငံတော်သို့ လှူဒါန်းခဲ့သော **"မျှော်လင့်ခြင်းများစွာ"**အမည်ရှိ ရုပ်ရှင်ကားကို ဩဂုတ် ၁၈ ရက်မှ စတင်၍ ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာနှင့် နဝဒေးရုပ်ရှင်ရုံများ၊ နေပြည်တော်ရှိ ငွေဆောင်(ပျဉ်းမနား) ရုပ်ရှင်ရုံ၊ မန္တလေးမြို့ရှိ ဝင်းလိုက်နှင့် မြို့သစ်ရုပ်ရှင်ရုံတို့၌ ရုံတင်ပြသလျက်ရှိရာ ယနေ့ မွန်းလွဲ ၁၂ နာရီခွဲက ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ပြသသည့် အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော ရုပ်ရှင်အနုပညာရှင်များက ရုပ်ရှင်ကြည့်ပရိသတ်အား အမှတ်တရ လက်မှတ်ရေးထိုးပေးကြသည်။

### အမှတ်တရပေးအပ်

ထို့အပြင် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၊ ရုပ်ရှင်သရုပ်ဆောင် နိုင်းနိုင်း၊ ဖိုးကျော်၊ မင်းခ၊ ပြေတီဦး၊ မြင့်မြင့်ခိုင်၊ စိုးမိုးကြည်၊ ဖူးစုံ၊ ရွှန်းလဲ့ဦးနှင့် ပိုင်ဖြိုးသုတို့က ရုပ်ရှင်ကြည့်ပရိသတ်အား မှတ်စုစာအုပ်နှင့် ဘောပင်များကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်ကြပြီး မှတ်စုစာအုပ်၌ အမှတ်တရ လက်မှတ်ရေးထိုးပေးကြသည်။

ထို့အတူ စက်တင်ဘာ ၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင်လည်း သမ္မတရုပ်ရှင်ရုံတွင် အဆိုပါ ရုပ်ရှင်ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် ရုပ်ရှင်အနုပညာရှင်များက ရုပ်ရှင်ကြည့်ပရိသတ်အား အမှတ်တရလက်ဆောင်နှင့် အမှတ်တရ လက်မှတ်ရေးထိုးပေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**



**မျှော်လင့်ခြင်းများစွာ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသော ရုပ်ရှင်အနုပညာရှင်များက အမှတ်တရလက်ဆောင် ပေးအပ်ပြီး အမှတ်တရ လက်မှတ်ရေးထိုးပေးကြစဉ်။** (သတင်းစဉ်)

## မုတ်သုံလေအားကောင်းမည်

**ရန်ကုန် စက်တင်ဘာ ၂**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၌ ဒေသအလိုက်နှင့် မကွေးတိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအား အလွန်ကောင်းနေသည်။

စက်တင်ဘာ ၃ ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့၌ နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**



**ဩဂုတ် ၃၀ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ၂၀၀၅-၂၀၀၆ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို မြတ်မင်္ဂလာခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာစုံ ဂုဏ်ထူးရှင် မမေမြတ်နိုးအား ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းက ဂုဏ်ပြုဆု ချီးမြှင့်စဉ်။** (က-ပ)

## မန္တလေးဒေသ ကထိန်သင်္ကန်းလှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂**

အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ် ရှစ်ခုတို့၌ ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၃၈ပါးနှင့် ဝေးလံခေါင်းပါးသော အာသံ၊ တြိပူရနှင့် မဏိပူရဒေသများရှိ မြန်မာဘုန်းတော်ကြီးကျောင်းများ၌ သီတင်းသုံးတော်မူကြသော သံဃာတော်အပါး ၃၀၀ တို့အတွက် မန္တလေးဒေသ (၂၉)ကြိမ်မြောက် ကထိန်သင်္ကန်းများကို အောက်တိုဘာ ၂၉ ရက် နောက်ဆုံးထား၍ တယ်လီဖုန်းအမှတ် ၀၁-၅၄၅၂၁၅၊ ၀၁-၅၄၅၂၁၆၊ ၀၁-၅၅၅၁၇၃၊ ၀၁-၇၂၇၇၄၆၊ ၀၁-၅၃၆၃၄၈၊ ၀၁-၅၄၂၂၃၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ဒုတိယရဲအုပ်လောင်းသင်တန်းဆင်း

**နေပြည်တော် စက်တင်ဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၆/၂၀၀၅) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၇ နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

### တက်ရောက်

သင်တန်းဆင်းပွဲသို့ ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ကျောင်းအုပ်ကြီး ရဲမှူးချုပ်သိန်းတင့်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့် လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင်၊ မန္တလေးတိုင်းအတွင်းရှိ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းဆင်း ဒုတိယရဲအုပ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

### ဆုများချီးမြှင့်

စစ်ရေးပြ အခမ်းအနားတွင် ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက အကောင်းဆုံးကျောင်းသားဆု ဥပဒေထူးချွန်ဆုရ ကျောင်းသားအမှတ်(၈) ဒုတိယရဲအုပ်လောင်း ကျော်မျိုးလွင်၊ စစ်ပညာထူးချွန်ဆုရ ကျောင်းသားအမှတ် (၁၄၅) ဒုတိယရဲအုပ်လောင်းကျော်သူဝင်းနှင့် သေနတ်ပစ်ထူးချွန်ဆုရ ကျောင်းသားအမှတ်(၈၁) ဒုတိယရဲအုပ်လောင်း အေးသိန်းတို့အား ဆုများ ချီးမြှင့်သည်။

### တက်ရောက်

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၁၅ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထားပြေးဆွဲခြင်း ကြေညာချက်

**ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို ၄-၉-၂၀၀၆ ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။**

မြန်မာ့မီးရထား။

## ကမ္ဘောဒီးယားတွင် ကျင်းပသည့် အရှေ့တောင်အာရှ ဖိတ်ခေါ်ဂျူဒိုပြိုင်ပွဲ မြန်မာရွှေ(၂)၊ ငွေ(၁)နှင့် ကြေး(၁)ရရှိထား

**ရန်ကုန် စက်တင်ဘာ ၂**

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် စက်တင်ဘာ ၂ ရက်မှ ၃ ရက်အထိ ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှ ဂျူဒိုဖိတ်ခေါ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဂျူဒိုအဖွဲ့ချုပ် အမှုဆောင် ဒုတိယဗိုလ်မှူးကြီးစောရွှေ ခေါင်းဆောင်သည့် မြန်မာဂျူဒိုအဖွဲ့ ပါဝင်ဆင်နွှဲလျက်ရှိရာ စက်တင်ဘာ ၂ ရက် ပွဲဦးထွက်နေ့တွင် ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်တစ်ခု ရရှိထားသည်။

ရွှေတံဆိပ်ဆုများကို အမျိုးသမီး ၄၅ ကီလိုတန်းပြိုင်ပွဲမှ အေးအေးအောင်နှင့် အမျိုးသား ကီလို ၉၀ တန်း ပြိုင်ပွဲတွင် ဇင်လင်းအောင်တို့ ရရှိပြီး ငွေတံဆိပ်ဆုကို အမျိုးသမီး အနုတ် ၅၇ ကီလိုတန်းပြိုင်ပွဲတွင် သန္တာဝင်းကလည်းကောင်း၊ ကြေးတံဆိပ်ဆုကို အမျိုးသား အနုတ် ၈၁ ကီလိုတန်း ပြိုင်ပွဲတွင် ရန်နိုင်စိုးကလည်းကောင်း ရရှိပြီး ပြိုင်ပွဲများကို စက်တင်ဘာ ၃ ရက်**(ယနေ့)**တွင် ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



**ရွှေတံဆိပ် ဆွတ်ခူးသွားသည့် မြန်မာနိုင်ငံမှ အေးအေးအောင် (ဆောက်လုပ်ရေး)။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



**ရွှေတံဆိပ်ဆွတ်ခူးသွားသည့် မြန်မာနိုင်ငံမှ ဇင်လင်းအောင် (လယ်ယာ/ဆည်မြောင်း)။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)

သတင်းမှတ်စုနှင့် ဓာတ်ပုံ-သိန်းဝင်းလေး

# ပညာအလင်းရောင် ထွန်းလင်းဖြာခဲ့ပြီ

စာပေမတတ် ကြက်ခြေခတ်ဘဝသည် မတ်တတ်ခြောက်နေသည့် သစ်ပင်ပမာ အသက်ရှင်သန်လျက်နှင့် ဘဝဆုံးရှုံးနေခြင်းပင် ဖြစ်သည်။ ဤအနိဋ္ဌာရုံဘဝကို **"စာငတ် ပေငတ် အသိငတ်လျှင်၊ မတ်တတ်ခြောက်သည့် သစ်ပင်လို"** ဟု ခိုင်းနှိုင်းဖွဲ့ဆိုထားခြင်းပင် ဖြစ်သည်။ စာရေးသူ ကိုယ်တွေ့တစ်ခု ပြောပြလိုပါသည်။ စာရေးသူငယ်စဉ်က စစ်ကွင်းမြို့မှာ ပညာသင်ကြားခဲ့စဉ် စာမတတ်သူအဒေါ်၏ ဖြစ်ရပ်ကို ယနေ့တိုင် မမေ့နိုင်ဖြစ်ရသည်။ ဦးလေး၏ဇနီး အဒေါ်ဖြစ်သူသည် အထည်ရောင်းသည်၊ ရောင်းတတ် ဝယ်တတ်၊ သို့တစေ စာကမတတ်။

သူ့အမျိုးတွေဆီ စာရေးလိုလျှင် ပါးစပ်ကပြောပြသည်။ ကျွန်တော်က စာဖြင့်ဆီလျော်အောင် ရေးပေးရသည်။ ပြီးတော့ ဖတ်ပြပေးရသည်။ တစ်ကြိမ်တွင် ဦးလေးနှင့်အဒေါ် လင်မယားချင်း စကားများပြီး ဦးလေးက အိမ်ပေါ်မှ ဆင်းသွားသည်။ ရန်ကုန်ရှိ သူ၏အစ်ကိုကြီး အိမ်သို့ သွား၍နေသည်။ ဦးလေးအပေါ် သံယောဇဉ် ကြီးရှာသူ အဒေါ်သည် သူ၏မျှော်တော်ရောင် ရွှေပေလွှာကို ကျွန်တော်အား ရေးခိုင်း၏။ ကျွန်တော်က သူ၏ခံစားချက်ပေါ်အောင် ရေးပြီး စာထည့်ပေးလိုက်၏။ ဦးလေးဆီက စာပြန်လာသည်။ မကြာမီ အိမ်ပြန်လာမည် ဆိုသည့် အကြောင်းပင်။

သို့တစေ စာရေးသူ၏ဖခင်က အဒေါ်အား နောက်ပြောင်လိုသော စိတ်ဖြင့် ဦးလေး၏စာထဲတွင် အဒေါ်အား မပေါင်းနိုင်တော့ကြောင်း ရေးထားသည်ဟု လိမ်ညာပြီးဖတ်ပြလိုက်ရာ အဒေါ် ခမျာ ချုံးပွဲချ ငိုရှာလေတော့သည်။ မကြာမီ အကြောင်းစုံရှင်းပြလိုက်တော့မှ အဒေါ်ဖြစ်သူ ပြုံးနိုင်ရှာတော့သည်။ ဩော်- စာမဖတ်တတ်သည့် ဒုက္ခ၊ မြင်းစီးပြီး အထီးမှန်း၊ အမမှန်းမသိသည့် ဘဝ၊ မျက်စိနှစ်ကွင်း အလင်းရလျက် စာမဖတ်နိုင်သည့်ဘဝ၊ ကိုလိုနီသူ့ကျွန်ဘဝက အဖြစ်ဆိုးကြီးကြောင့် စာပေမတတ် ကြက်ခြေခတ်ဘဝဖြင့် ပညာအလင်းရောင် မရခဲ့ရရှာသည့် အဒေါ်၏ဘဝကို ကျွန်တော် ယနေ့တိုင် မမေ့နိုင်သေးချေ။ အဒေါ် ခမျာ စာမတတ်ရှာ၍ ကိုယ်တိုင် မဖြစ်မနေ လက်မှတ်ထိုးရသည့်ကိစ္စများတွင် ကြက်ခြေခတ် အမှတ်အသားဖြင့် ရေးခြစ်ခဲ့ရပြီး အသက်ဆုံးသည့်တိုင် ထိုဘဝဖြင့်သာ နိဂုံးချုပ်ခဲ့ရရှာသည်။

ကိုလိုနီ သူ့ကျွန်ဘဝက ရရှိခဲ့သော စာမတတ်မှု အမွေဆိုးကြီးကို စာရေးသူတို့ တက္ကသိုလ်ကျောင်းသားဘဝ ရောက်သောအခါ တိုက်ဖျက်ခွင့် ရရှိခဲ့သည်။ ကုသိုလ်ထူးပါဘိ၊ ဘဝမဆုံးရလေအောင် အသုံးလုံးကျေ လှုပ်ရှားမှုအဖွဲ့များတွင် ကျွန်တော်တို့ ပါဝင်ခွင့် ရရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်က တက္ကသိုလ်ကျောင်းသားဘဝဖြင့် ရွှေဘိုခရိုင် ခင်ဦးမြို့နယ် တမာကျေးရွာသို့ သွားရောက်ခဲ့၏။

## စန်းနီလာဝင်း

ကျေးလက်က စေတနာကိုတော့ အထူးပြောစရာလိုမည်မထင်။ ဆရာဦးသုခ၏ **"ဘယ်သူပြိုင်လို့ လှပါတော့နိုင်"** ရုပ်ရှင်ဇာတ်ကားထဲက လိုပင် ကျွန်တော်တို့ ဆရာကလေးများကို ဆရာလိုတစ်နည်း၊ သားသမီးလို တစ်သွယ်၊ ဘဝအလင်းရောင်ပေးသူ ကျေးဇူးရှင်လို တစ်ဖုံ ပြုမူဆက်ဆံကြသည်။ မှတ်မိသေးသည်၊ အသုံးလုံး ကျောင်းသား ကျောင်းသူ စာရင်းတွင် ထူးထူးခြားခြား ကျားဆွဲခံရ၍ နားရွက်ပြတ်နေသူ အမေအရွယ် အသက် ၅၀ ကျော် အဒေါ်ကြီးတစ်ဦးပါ ပါဝင်ခဲ့၏။ ခင်ဦးမြို့နယ်ထဲက တမာ ကျေးရွာကလေးသည် မြို့နှင့်အလှမ်းဝေးလှ၏။ အမျိုးသမီးများမှာ တောနက်ထဲသို့ မျှစ်သွားချိုးရ၏။ တောနက်သဖြင့် မျှစ်ထုပ်ကို ခေါင်းပေါ်တင်ရွက်လာရင်း နောက်က ကျားကဝင်ဆွဲ၏။ ကျားဆွဲ၍ နားရွက်ပြတ်သွား၏။ ဆေးရုံတက်ရ၏။ ဆေးရုံက ဆင်းဆင်းချင်း စာတတ်ချင်လွန်း၍ စာလာသင်၏။ မှတ်မိပါသေးသည်။ တပ်ထဲဝင်သွားသော သူ့သားကြီးဆီကထည့်သော စာများကို ကိုယ်တိုင်ဖတ်ချင်လွန်း၍ စာလာသင်ခြင်းဖြစ်၏။ အဒေါ်အေးမျှင်တစ်ယောက် ကျွန်တော်တို့ ပြန်ခါနီးတွင် စာကို တစ်လုံးချင်းပေါင်းဖတ်တတ်နေရှာပြီ။ ယခုဆိုလျှင် နှစ် ၃၀ ကျော်ကြာပြီမို့ အဒေါ်အေးမျှင် ရှိမှရှိပါလေစ။ တသသ ဖြစ်နေမိသည်။ ကျွန်တော်တို့ စတည်းချခဲ့ရသည့်နေအိမ်မှာ သူကြီး၏နေအိမ် ဖြစ်၏။ သူကြီးက စာတတ်၏။ သို့ရာတွင် သူကြီးကတော်က စာမတတ်ရှာ၊ သည်တော့ သူလည်း စာသင်သားဖြစ်လာ၏။ ကျွန်တော်တို့ မရောက်မီ သူတို့၏သားအကြီးဆုံးက မြွေကိုက်ခံ၍ အသက်ဆုံးခဲ့ရပြီ။ ကျွန်တော်တို့ ရောက်သွားသောအခါ ကျွန်တော့်ကို သူတို့သားကြီးနှင့် တူသည်ဆိုပြီး ဖက်၍ ငိုကြ၏။ သည်တော့ ကျွန်တော် ရင်ဆို့ခဲ့ရ၏။ ညည ကျားက နွားကိုဆွဲရန် ရွာနားသို့ ခဏခဏ လာ၏။ ထိုစဉ်က ရွာ၏ထုံးစံအတိုင်း အလေးအခင်း၊ တပိုတပါး သွားလိုလျှင် ရွာသူ၊ ရွာသားများနည်းတူ ရွာပြင်ဘက် ချုံပုတ်ထဲသို့ ဝင်သွားပြီး ကိစ္စပြီးကြရ၏။ ညဘက်ဆိုလျှင် ရွာသူ၊ ရွာသားများက မီးတုတ် အလှည့်ကျ ကိုင်ပြီး ကျားကိုခြောက်၍ ကျွန်တော်တို့ကို စောင့်ရှောက်ခဲ့ကြ၏။ ဘဝတစ်သက်တာ မည်သို့မျှ မေ့လို့မရသည့် တမာကျေးရွာလေးမှာ ရွာလုံးကျွတ် စာတတ်မြောက်သွားခဲ့သလို ခင်ဦးမြို့နယ် ရွှေဘိုတစ်ခရိုင်လုံးလည်း စာတတ်မြောက်ခဲ့ပြီ။

စာမတတ်သူဆို၍ မရှိတော့။ ထိုစဉ်က လယ်သမား အလုပ်သမားတို့ နွားကျောင်းရင်းစာသင်၊ ကောက်စိုက်ရင်းစာဖတ်၊ ထင်းဖြတ်ရင်းစာကျက်ဖြင့် အရေးအဖတ်အတွက် သင်ကြားခဲ့ရာ ပြည်နယ်တိုင်းခြောက်ခုတွင် စာမတတ်သူအားလုံး စာတတ်သွားခဲ့သည်။ အခုလောက်ဆိုရင် တမာရွာကလေးမှာ စံပြကျေးရွာကြီးတစ်ခု ဖြစ်နေလောက်ပေပြီ။

၁၉၆၅ခုနှစ်က အီရန်နိုင်ငံ တီဟီရန်မြို့၌ နိုင်ငံပေါင်း ၈၉နိုင်ငံမှ ကိုယ်စားလှယ်အသီးသီး တက်ရောက်၍ ကမ္ဘာ့စာတတ်မြောက်ရေး ကွန်ဂရက်တစ်ခုကို ကျင်းပခဲ့သည်။ ကုလသမဂ္ဂယူနက်စကို အထွေထွေ ညီလာခံကြီးက ၁၉၆၆ ခုနှစ်မှစ၍ နှစ်စဉ်စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်၍ နိုင်ငံအသီးသီး၌ ကျင်းပရန်ဆုံးဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာမတတ်သူ ပပျောက်ရေး လှုပ်ရှားမှုအောင်ပွဲများအတွက် ၁၉၇၁ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့တွင် ယူနက်စကိုအဖွဲ့က **"မိုဟာမက်ရီဇာပါလာဗီ"** ဆုကို ချီးမြှင့်ခဲ့သည်။ ယခုအခါ စဉ်ဆက်မပြတ် သင်ယူနေသော မြန်မာ့လူ့အဖွဲ့အစည်း (Learning Society)အဖြစ် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လာမည့်၂၀၁၅ခုနှစ်တွင် နယ်စပ်ဒေသပါမကျန် ရာနှုန်းပြည့် စာတတ်မြောက်တော့မည်မှာ မလွဲကေန်ဖြစ်ပါသတည်း။ တကယ်တော့ ဘဝမဆုံးရလေအောင် အသုံးလုံးကျေကြရမည် မဟုတ်ပါလား။ ။

# ပြည်သူလူထုကျန်းမာရေးစောင့်ရှောက်မှု မြန်မာ့တိုင်းရင်းဆေးပညာအရေးပါ ရောဂါကြီးခြောက်မျိုးကုသနိုင်သော အစွမ်းထက်ဆေးဖက်ဝင်အပင်များ အုပ်စုလိုက်စိုက်ပျိုး

## အမှာစကားပြောကြား

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (ကျန်းမာရေး)



နေပြည်တော် စက်တင်ဘာ ၂

**နေပြည်တော် ပရဆေးဥယျာဉ်တိုးချဲ့အဆင့်မြှင့်တင်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၃၁ ရက် မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး တက်ရောက်အမှာစကားပြောကြားသည်။**

### အမှာစကားပြောကြား

ညှိနှိုင်းအစည်းအဝေးတွင် ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုတွင် မြန်မာ့တိုင်းရင်းဆေးပညာသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ထားသည့် ရောဂါကြီးခြောက်မျိုး ကုသပေးနိုင်သော အစွမ်းထက် ပရဆေးဆေးဖက်ဝင် အပင်များ အုပ်စုအလိုက် ခွဲခြားစိုက်ပျိုးခြင်း၊ မြန်မာ့တိုင်းရင်းဆေးပညာ တိုးတက်မြင့်တင်ရေးအတွက် ဆောင်ရွက်ရာ၌ ရှိရင်းစွဲတိုင်းရင်းဆေးပင်များကို စနစ်တကျပြုစုစိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းနှင့် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့ပြင်မြန်မာပြည်နယ်မြေဒေသအလိုက် ပေါက်ရောက်နေသော အစွမ်းထက် ပရဆေးပင်များကို ရှာဖွေဖော်ထုတ်ရန်၊ တိုင်းရင်းဆေးပညာရှင်များ၏ နည်းပညာစုံဖြင့် ပေါင်းစပ်နိုင်ပါက မြန်မာ့တိုင်းရင်းဆေး အရည်အသွေးကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နေပြည်တော်၌ လက်ရှိ ပျိုးထောင်ထိန်းသိမ်းလျက်ရှိသော မျိုးထိန်းပရဆေးဥယျာဉ်ကို နိုင်ငံတကာဆင့်မီ စံပြမျိုးထိန်းပရဆေး ဥယျာဉ်အဖြစ် နိုင်ငံခြားသားများ အပါအဝင် စိတ်ဝင်စားသူ အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်သည့် အဆင့်အထိ တိုးမြှင့်လာမည်ဖြစ်၍ ပရဆေးပင်များအား သုတေသန ဓာတ်ခွဲခန်းများ၊ စာကြည့်တိုက်၊ ပြတိုက်များပါ ပါဝင်ရန် လိုအပ်သဖြင့် ယခု တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်းပြီး ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်းဖြင့် ပြောကြားသည်။

### ပြန်လည်ဆွေးနွေး

ဆက်လက်၍ တိုင်းရင်းဆေးပညာ ဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား တင်ပြရာ တက်ရောက်လာ သူများက ပြန်လည်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ ပိုင်စိုးက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

# ဝါတွင်းတရားပွဲများ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂**

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း) (၅၀)ရပ်ကွက် သာသနာ့ရောင်ခြည် ဓမ္မာရုံတွင် ပထမအကြိမ် ထေရဝါဒ အထူးတရားပွဲများကို ဝါတွင်းလပြည့်နေ့တိုင်း ကျင်းပမည်ဖြစ်ရာ စက်တင်ဘာ ၅ ရက်နှင့် ၆ ရက် ည ၈ နာရီတွင် ဘဒ္ဒန္တ အဂ္ဂိသ(ပါဠိကာရီဆရာတော်)၊ အောက်တိုဘာ ၆ရက်တွင် ဘဒ္ဒန္တ သောဘန [ပုပ္ပား(၂)ဆရာတော်]၊ နိုဝင်ဘာ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်များတွင် အရှင်မာလာစာရ (ညောင်ပင်သာဆရာတော်)တို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

# ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂**

ညောင်ဦးမြို့နယ် စဥ့်ကူမြို့လုံးဆိုင်ရာ စုပေါင်း ဆွမ်းဆန်တော်လောင်းလှူပွဲ ကျင်းပရေးကော်မတီက ကြီးမှူး၍ နှစ်စဉ်ကျင်းပမြဲ ဆွမ်းဆန်တော်လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပမည်ဖြစ်ရာ သီတင်းကျွတ်လဆန်း၁၂ရက်၊ ၁၃ရက်နေ့များတွင် အကြိုတရားပွဲများအဖြစ် ဆိပ်ဖြူ မြို့နယ် ပင်းတလဲဆရာတော် ဘဒ္ဒန္တသာဂရ၊ မကွေးမြို့ မဟာရတနာတိုက် ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည (တိပိဋကရေ၊ ဓမ္မာစရိယ)ဆရာတော်တို့က ချောက်-ညောင်ဦးသွား လမ်းမပေါ်ရှိ ဈေးတန်းရပ် ဗဟိုမဏ္ဍပ်၌ ညစဉ် ၇နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့ မွန်းလွဲပိုင်း၌ သံဃာတော် ၃၂၇ ပါးနှင့် သီလရှင် ၁၄ပါးကို (၃၂)ကြိမ်မြောက် ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူမည်ဖြစ်ရာ ယခင်နှစ်များကကဲ့သို့ ရန်ကုန်၊ချောက်၊ ဆိပ်ဖြူ၊ ရေနံချောင်း၊ ကျောက်ပန်းတောင်း၊ ဝါဒီ၊ စဥ့်ကူနှင့် ပုဂံ-ညောင်ဦးမြို့နယ်များမှ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို အကျိုးတော်ဆောင်များနှင့် အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စဥ့်ကူဆရာတော်)ဖုန်း- ၀၂-၆၇၃၇၄ ထံ ဆက်သွယ်လှူဒါန်းနိုင်ပြီး တရားနာယူလိုသူများ အချိန်မီ ကြွရောက်ကြရန် ဝေယျာဝစ္စအဖွဲ့က နှိုးဆော်ထားသည်။

**(က-ပ)**

# ဘီးလင်းမြို့နယ် ကဒိုင်းအခြေခံပညာအထက်တန်း ကျောင်းဆောင်သစ် ပင်မဆောင်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

## ငွေကျပ် ၁၂၈ သိန်း အကုန်အကျခံဆောက်လုပ်ခဲ့

နေပြည်တော် စက်တင်ဘာ ၂

**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းက မော်လမြိုင် ခရိုင်အားကစား ကွင်းသို့သွားရောက်၍ အားကစားကွင်းပတ်ဝန်းကျင်၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက ချုံနွယ်ခုတ်ထွင်ရှင်းလင်းဆောင်ရွက်နေမှုကို လှည့်လည် ကြည့်ရှုအားပေးသည်။**

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဘီးလင်းမြို့နယ် ကဒိုင်းအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ကျောင်းဆောင်သစ် ပင်မဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ ပြည်နယ် ပညာရေးမှူး ဦးထွန်းရီ၊ ဘီးလင်းမြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်၊ မက်(စ်)မြန်မာကုမ္ပဏီမှ ဒါရိုက်တာ ဦးစိုးတင့်တို့က ပင်မဆောင် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်းက ဂုဏ်ပြုအမှာစကား ပြောကြားပြီးနောက် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်လွင်က ပင်မကျောင်းဆောင်သစ် ဖြစ်ပေါ်လာရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မက်(စ်)မြန်မာ ကုမ္ပဏီမှ အမှုဆောင် ဒါရိုက်တာ ဦးသန်းဇော်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

### လွှဲပြောင်းပေးအပ်

ထို့နောက် မက်(စ်)မြန်မာ ကုမ္ပဏီမှဒါရိုက်တာဦးစိုးတင့်က ပင်မကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည်နယ်ပညာရေးမှူး ဦးထွန်းရီထံ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျားပေ ၁၀၀၊ အနံပေ ၃၀၊ အုတ်ခင်း၊ အုတ်ကာ၊ သွပ်မိုးတစ်ထပ် အဆောက်အအုံဖြစ်ပြီး မက်(စ်)မြန်မာ ကုမ္ပဏီမှ ငွေကျပ်သိန်း၉၀၊ မွန်ပြည်နယ် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၀သိန်း၊ အလှူရှင်များ လှူဒါန်းငွေ ကျပ်ငါးသိန်း၊ ကျောင်းသားမိဘများ လှူဒါန်းငွေကျပ် ၂၃သိန်း၊ စုစုပေါင်း ငွေကျပ်၁၂၈သိန်း အကုန်အကျခံ ဆောက်လုပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

### လှည့်လည်ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဘီးလင်းမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ တောင်သူဒေါ်တင်ညွန့်၏ လယ်ယာမြေတွင် မိုးမြေပဲ ၄၂ဧက ပျိုးထောင်စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ တောင်စွန်းကျေးရွာ မြောက်ကွင်းရှိ တောင်သူဦးစောဘညွန့်၏ ဥယျာဉ်ခြံမြေ ၁၁ ဒသမ ၂၅ဧကတွင် ကျွဲကော၊ လက်ဖက်နှင့် ငရုတ်ကောင်းအောင်မြင်ဖြစ်ထွန်းထွက်ရှိမှုနှင့် ရော်ဘာ၊ ကြက်မောက်၊ ပဲစင်းငုံ၊ အခြားသီးနှံများ စိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ ကားလမ်းဘေးဝဲ/ယာ၌ မိုးစပါးစိုက်ပျိုး အောင်မြင် ဖြစ်ထွန်းမှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု အားပေးသည်။

ဘီးလင်းမြို့နယ် အနေဖြင့် ၂၀၀၆-၂၀၀၇ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၄၆၄၁၀ လျာထားသည့်အနက် မိုးစပါး ၁၁၈၂၁၂ ဧကကို စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် မွန်ပြည်နယ်အနေဖြင့် ၂၀၀၆-၂၀၀၇ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧက ၁၀သိန်း လျာထားသည့်အနက် မိုးစပါးစိုက်ဧက ၇၉၇၉၆၀ကို စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် အမှတ်(၁)စက်မှုဝန်ကြီးဌာန စက်မှုသုံးအရက်ပြန်စက်ရုံ(ဘီးလင်း)သို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ ဒုတိယစက်ရုံမှူး ဦးမောင်မောင်လေးက အရက်ပြင်းထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး တိုင်းမှူးက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းမှူးသည် သထုံမြို့နယ် နောင်ကုလားကျေးရွာ အုပ်စုရှိ တောင်သူ ဦးမြင့်ဟန်၏ ရော်ဘာပင်တန်းကြားတွင် စားဖိုဆောင် သီးနှံများ စိုက်ပျိုးထားရှိမှုကို သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများအား တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

**(သတင်းစဉ်)**





## ပေးအပ်လှူဒါန်း

ဦးအေးကို၊ သား ဒုတိယဗိုလ်မှူးကြီးနိုင်တိုး(ငြိမ်း)၊ သမီးဒေါက်တာသီတာအေးတို့၏ မွေးနေ့အလှူအဖြစ် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ၈ မိုင်၊ သီရိမင်္ဂလာလမ်း၊ အမှတ် (၁၄၅-အီး)နေ ဦးအေးကို-ဒေါ်ပိုပို သားသမီးမြေးမြစ်သားစုတို့က ဒဂုံမြို့နယ် အမှတ်၁၆၊ စကားဝါလမ်း၊ မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်သုံးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) လက်ထောက် အုပ်ချုပ်ရေးမှူး ဦးထိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သက်နိုင်ဝင်း သထုံမြို့နယ် နောင်ကုလားကျေးရွာအုပ်စုရှိ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



အိန္ဒိယနိုင်ငံမှ ဆရာတော်ဦးဓမ္မနန္ဒက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ လှူဒါန်းသော ထာဝရဆွမ်း၊ ဆေး ၊ ငွေပဒေသာပင်ကျပ် သုံးသိန်းငါးသောင်းကို တပည့်ဒါယကာ၊ ဒါယိကာမများက ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ(၁) ဦးညွန့် လက်ခံယူစဉ်။ (က-ပ)

# လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှု၊ ဓာတ်အားခကောက်ခံမှုလုပ်ငန်းများ အလေအလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်၊ ဝင်ငွေတိုးရေး ဖော်ဆောင်

ရန်ကုန် စက်တင်ဘာ ၂

**အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ်၂၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ရန်ကုန်မြောက်ပိုင်း ခရိုင်ရုံးအောက်ရှိ ဝန်ထမ်းအင်အား စုစုပေါင်း ၁၀၃၀နှင့် မွန်းလွဲပိုင်းက ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင်ရုံးအောက်ရှိ ဝန်ထမ်းအင်အား စုစုပေါင်း၁၃၆၃ဦးတို့အား တွေ့ဆုံအမှာစကားပြောကြားသည်။**





### အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် **(အပေါ်ပုံ)** လျှပ်စစ်ဓာတ်အားဖြန့်ဖြူးမှု၊ လျှပ်စစ်ဓာတ်အားခ ကောက်ခံမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အလေအလွင့် ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ခြင်းဖြင့် မိမိဝန်ကြီးဌာန ဝင်ငွေတိုးတက်ရေးကို ဖော်ဆောင်ရာရောက်ကြောင်း၊ မီတာဖတ်သည့် စနစ်သစ် ဆောင်ရွက်ရာတွင် ပြည်သူများသိရှိ နားလည်စေရန်လည်း ရှင်းလင်းပြောကြားပေးစေလိုကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးခင်မောင်စိုးက ဓာတ်အားခ ကောက်ခံရာတွင် ဓာတ်အားသုံးစွဲသူအဖို့ နစ်နာမှုမရှိအောင် တိတိကျကျ ဆောင်ရွက်သွားကြရန်နှင့် သတ်မှတ်နှုန်းအတိုင်း လွဲမှားမှုမရှိအောင် ကောက်ခံသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။ ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)ဦးမျိုးနိုင်က ပြောကြားရာတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန နှစ်ခုခွဲခြား၍ လုပ်ငန်းလျင်မြန်ချောမွေ့စွာ ဆောင်ရွက်ရာ၌ အခြေခံအကျဆုံး ဝန်ထမ်းများအနေဖြင့် မီတာယူနစ်ဖတ်ရှု၊ ဖြန့်ဝေခြင်းနှင့် မီတာယူနစ်သုံးစွဲခပေးသွင်းခြင်း စနစ်သစ်အောင်မြင်အောင် တက်ညီလက်ညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တရားမဝင် ဓာတ်အားသုံးစွဲမှုများကို ဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန လစဉ်ဝင်ငွေတိုးတက်အောင် ဝန်ထမ်းများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

### မှန်ကန်စွာတွက်ချက်

ဆက်လက်၍ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက အမှာစကား ပြောကြားရာတွင် အိမ်သုံးမီတာ၊ အိမ်သုံးပါဝါမီတာနှင့် စက်မှုသုံးပါဝါမီတာ အမျိုးအစားအလိုက် သုံးစွဲယူနစ်များအား မှန်မှန်ကန်ကန်ဖတ်ရှု၍ သတ်မှတ်နှုန်းထားအတိုင်း မှန်ကန်စွာတွက်ချက် တောင်းခံသွားရန်လိုအပ်ကြောင်း ပြောကြားသည်။

### ရှင်းလင်းပြောကြား

ဆက်လက်၍ ဝန်ကြီးက လိုအပ်သည်များ ရှင်းလင်းပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြင်သစ်လူငယ်ဘောလုံးသမားနှစ်ဦးကိုခေါ်ယူကစားခွင့်ပြုမည်မဟုတ်

## ကွန်ဂိုအသင်းအား ဖီဖာကသတိပေး

**မြင့်မောင်စိုး**

လန်ဒန် စက်တင်ဘာ ၂

**အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားရာတွင် ပြင်သစ် ယူ-၂၁အောက် ဘောလုံးသမားဟောင်းနှစ်ဦးအား ထည့်သွင်းမကစားရန် ကွန်ဂိုအသင်းအား ဖီဖာက သတိပေးလိုက်သည်။**

ပြင်သစ်တွင် မွေးဖွားခဲ့သူများဖြစ်ပြီး လက်ရှိတွင် ကွန်ဂိုနိုင်ငံသို့ မိဘများနှင့်အတူ ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် ပြင်သစ် ယူ-၂၁ အောက် ဘောလုံးသမားဟောင်းနှစ်ဦးဖြစ်သည့် ခရစ်စတင်းဘက်စီလာနှင့် မက်မောဆီလူတို့အား ကွန်ဂိုနည်းပြသစ် နိုလ်တိုဆီက ခေါ်ယူကစားရန် စိုင်းပြင်းနေမှုကို ဖီဖာက ဟန့်တားလိုက်ခြင်းဖြစ်သည်။


ခရစ်စတင်းဘက်စီလာ။ (ဓာတ်ပုံ-အင်တာနက်)

### သတင်းမပေးပို့

ထိုကစားသမားနှစ်ဦးသည် နိုင်ငံတကာပွဲများနှင့် ကလပ်ပွဲများ ကစားရာတွင် မည်သည့်နိုင်ငံသားဖြစ်သည်ကို ဖီဖာသို့ တိတိကျကျ သတင်းမပေးပို့ခဲ့ဟု ဖီဖာကပြောကြားခဲ့သည်။

### တရားဝင်ဖြစ်ရေး

ကွန်ဂိုအသင်းကလည်း ၎င်းကစားသမားနှစ်ဦးကို ထည့်သွင်းကစားရန် ဆန္ဒပြင်းပြလျက်ရှိရာ ကွန်ဂိုနိုင်ငံသား တရားဝင်ဖြစ်ရေးကို ဆောင်ရွက်မည်ဖြစ်သည်။ ဖီဖာအနေဖြင့် နိုင်ငံသား ဘောလုံးသမားတစ်ဦးသည် အနည်းဆုံး နှစ်နှစ် မိသားစုနှင့်အတူ နေထိုင်ပြီး ထိုနိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူမှသာ ခွင့်ပြုလက်ခံမည် ဖြစ်ကြောင်း ပြောကြားသည်။

**(အင်တာနက်)**

## ကမ္ဘာတစ်လွှား အားကစား

## နည်းပြမက်ကလာရင်က အင်္ဂလန်အသင်းကို ပုံစံပြောင်းမည်

**စုစည်းတင်ပြသူ**

**မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၂**

အင်္ဂလန်အသင်း အောင်မြင်မှုရရှိရေး အတွက် ကလပ်အသင်းတစ်သင်းကဲ့သို့ သွင်ပြင်လက္ခဏာနှင့် စိတ်ဓာတ်မျိုးများ ရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်္ဂလန်နည်းပြ မက်ကလာရင်က ပြောကြားလိုက်သည်။

### ကြိုးစားမည်

မိမိအနေဖြင့် အင်္ဂလန်ကလပ်အသင်းမျိုးကဲ့သို့ဖြစ်အောင် တည်ဆောက်သွားမည်ဖြစ်ရာကလပ်အသင်းတစ်သင်း၏ ကစားပုံမျိုး၊ စိတ်ဓာတ်မျိုးဖြင့် ယူရို၂၀၀၈ပြိုင်ပွဲကို ဝင်ရောက်ဆင်နွှဲမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပုံစံမျိုးရအောင်လည်း မိမိကြိုးပမ်းသွားမည် ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

### ဆုံးဖြတ်ထား

အင်္ဂလန် ဘောလုံးသမားများသည် ပရီမီယာလိဂ်နှင့် ချန်ပီယံလိဂ်တို့ကို အဓိကထားကစားနေရလျက်ရှိရာ မိမိတို့ကလပ်အသင်း အနိုင်ရရှိရေး စိတ်ဓာတ်များသာ ရှိနေကြကြောင်း၊ မိမိတို့ကလပ် အောင်မြင်မှုရရှိရေး အာရုံစိုက်သလို အင်္ဂလန်အသင်းအနိုင်ရရေးစိတ်ဓာတ် ကိန်းအောင်းရန် အင်္ဂလန်အသင်းကို ကလပ်အသင်းပုံစံမျိုးပြုလုပ်မည်ဟု မက်ကလာရင်က ဆုံးဖြတ်ထားသည်။

### စိတ်တိုင်းကျပြုလုပ်

မက်ကလာရင်သည် အင်္ဂလန်အသင်းကို အဲရစ်ဆင်ပုံစံအတိုင်း



အင်္ဂလန်နည်းပြသစ် မက်ကလာရင်။ (ဓာတ်ပုံ-အင်တာနက်)

တည်ဆောက်မည်မဟုတ်ရာ လူစာရင်း ကစားပုံနှင့် အခင်းအကျင်းများကို စိတ်တိုင်းကျ ပြုလုပ်မည်ဖြစ်သည်။

အင်္ဂလန်အသင်းသည် ယူရို ၂၀၀၈ ပွဲစဉ်များနှင့် ကမ္ဘာ့ဖလားပွဲစဉ်များ၌ အောင်မြင်မှုများရရှိရန် မက်ကလာရင်က အသွင်သစ်ဖြင့်ကြိုးစားကာ ကမ္ဘာ့ထိပ်တန်းအသင်းတစ်သင်းအဖြစ် ရောက်ရှိအောင် ဆောင်ရွက်သွားမည်ဟုဆိုသည်။ **(အင်တာနက်)**

ဆော်ပေါ်လို ကွင်းလယ် ကစားသမား ဒီနယ်ဆင်။ (ဓာတ်ပုံ-အင်တာနက်)



## ဘရာဇီး ယူ-၁၉ နှစ်အောက်အသင်းကွင်းလယ်ကစားသမား

## အာဆင်နယ်က ပေါင် ၃ ဒသမ ၄ သန်းဖြင့်ခေါ်ယူမည်

**လန်ဒန် စက်တင်ဘာ ၂**

အာဆင်နယ်အသင်းသည် ဘရာဇီးကလပ် ဆော်ပေါ်လို ကွင်းလယ်ကစားသမား ဒီနယ်ဆင်အား စာချုပ်ချုပ်ဆိုခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

### ခေါ်ယူမည်

အသက် ၁၈နှစ်အရွယ်ရှိ ဒီနယ်ဆင်အား ပေါင်ငွေ ၃ ဒသမ ၄ သန်းပေးကာ ဆော်ပေါ်လိုမှ ခေါ်ယူမည်ဖြစ်ကြောင်း အာဆင်နယ်ကလပ်က ပြောကြားသည်။ ဒီနယ်ဆင်သည် ဆော်ပေါ်လိုအတွက် ၁၂ ပွဲကစားပေးထားပြီး လက်ရှိဘရာဇီး ယူ-၁၉နှစ်အောက် အသင်းတွင်လည်း ကစားနေသူဖြစ်သည်။

### ပြောကြား

အာဆင်နယ်အနေဖြင့် ဒီနယ်ဆင်အား ခေါ်ယူခြင်းသည် အာဆင်နယ် ကွင်းလယ်လိုအပ်ချက်ကို လူငယ်ကစားသမားတစ်ဦးနှင့် ဖြည့်ဆည်းခြင်းဖြစ်ကြောင်း နည်းပြ အာစင်ဝင်းဂါးက ပြောကြားသည်။ **(အင်တာနက်)**

## ယူရို ၂၀၀၈ ခြေစစ်ပွဲ အကြိုခြေစမ်း

## ဒိန်းမတ်က ပေါ်တူဂီကို လေးဂိုး-နှစ်ဂိုးဖြင့်အနိုင်ရ

**ဘရွန်ဘိုင် စက်တင်ဘာ ၂**

ယူရို ၂၀၀၈ ခြေစစ်ပွဲအကြိုချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဒိန်းမတ်နှင့် ပေါ်တူဂီတို့ ဒိန်းမတ်နိုင်ငံ ဘရွန်ဘိုင်မြို့၌ ဩဂုတ် ၃၁ ရက်က ချစ်ကြည်ရေးပွဲယှဉ်ပြိုင်ကစားရာ ဒိန်းမတ်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဒိန်းမတ်ကစားသမား ဂျော်ဂင်ဆင်က တစ်ဦးတည်းနှစ်ဂိုးသွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့သည်။ ပေါ်တူဂီနည်းပြ စကိုလာရီ၏ ခံစစ်အသားပေး တန်ပြန်တိုက်စစ်ဆင်ကစားမှုသည် ဒိန်းမတ်အသင်းနှင့်ဆုံသည့်အခါ ဒိန်းမတ်တို့၏ ဂိုးမိုးရွာမှုကိုခံခဲ့ရသည်။

ဒိန်းမတ်အတွက် ပထမဆုံးအဖွင့်ဂိုးကို ပွဲချိန် ၁၄ မိနစ်တွင် တိုမက်ဆင်က သွင်းယူပြီး ပွဲချိန် ၁၆ မိနစ်တွင် ပေါ်တူဂီမှ ရီကာဒိုကာဗယ်ဟိုက ချေပဂိုးသွင်းယူပေးခဲ့သည်။ ၂၁မိနစ်တွင် ဒိန်းမတ်မှ ခါလင်းဘတ်က တစ်ဂိုးသွင်းယူခဲ့ပြီးနောက် ဒိန်းမတ်တိုက်စစ်မှူး ဂျော်ဂင်ဆင်က နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။

ပေါ်တူဂီတို့ တစ်ဂိုးထပ်မံချေပနိုင်သော်လည်း ပွဲချိန်ပြည့်သည့်အထိ ဂိုးမသွင်းနိုင်ခဲ့၍ လေးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ **(အင်တာနက်)**

တော့တင်ဟမ်အသင်းသို့ ရောက်ရှိလာသည့် ချမ်ဘွန်ဒါ။ (ဓာတ်ပုံ-အင်တာနက်)

## တော့တင်ဟမ်က ဝီဂန်မှ ချမ်ဘွန်ဒါကိုခေါ်ယူ



**လန်ဒန် စက်တင်ဘာ ၂**

တော့တင်ဟမ်အသင်းသည် ဝီဂန်အသင်းမှ ပါစကယ်ချမ်ဘွန်ဒါကို အပြောင်းအရွှေ့ကာလ နောက်ဆုံးရက်၌ စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ခဲ့သည်။

အသက် ၂၇နှစ်အရွယ် ချမ်ဘွန်ဒါအား တော့တင်ဟမ်ကခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ဝီဂန်အသင်းက အကြိမ်ကြိမ်ငြင်းပယ်ခဲ့သည်။ သို့ရာတွင် နောက်ဆုံး၌ အပြောင်းအရွှေ့ဈေးနှုန်း ညှိနှိုင်းရရှိခဲ့သဖြင့် တော့တင်ဟမ်က စာချုပ်ချုပ်နိုင်ခဲ့ခြင်း ဖြစ်သည်။

မိမိအနေဖြင့် တော့တင်ဟမ်အသင်းလို အဆင့်မြင့်အသင်း၌ကစားရန် ဆန္ဒရှိခဲ့ကြောင်း၊ တော့တင်ဟမ်တွင် မိမိအကောင်းဆုံးခြေစွမ်းပြနိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

တော့တင်ဟမ်ကလပ် ဒါရိုက်တာ ဒါမိန်းကိုမိုလီကလည်း မိမိလိုချင်နေသော ကစားသမားကို ခေါ်ယူနိုင်ခဲ့ကြောင်း၊ မိမိတို့ကလပ်အတွက် ချမ်ဘွန်ဒါ ကောင်းစွာအကျိုးပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ချမ်ဘွန်ဒါသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဝီဂန်အသင်းသို့ ရောက်ရှိခဲ့သူဖြစ်ပြီး ယခုအခါ တော့တင်ဟမ်သို့ ထပ်မံပြောင်းရွှေ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

## နယူးကာဆယ်သို့ ပြန်ရန် ဘားနက်ကြိုးစားနေ

နောက်တန်းခံစစ်မှူး အိုလီဗီးရာ ဘားနက်။ (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် စက်တင်ဘာ ၂**

ရိန်းဂျားကလပ်သို့ ပြီးခဲ့သည့်နှစ် နွေရာသီက ပြောင်းရွှေ့သွားသော နောက်တန်းခံစစ်မှူးဖြစ်သူ အိုလီဗီးရာ ဘားနက်သည် ယခုနယူးကာဆယ်သို့ ပြန်လာရန် ကြိုးစားနေကြောင်း သိရသည်။



အသက် ၂၆နှစ်အရွယ် ပြင်သစ်နောက်တန်းခံစစ်မှူး ဘားနက်သည် ၂၀၀၅ခုနှစ်က အလွတ်ပြောင်းရွှေ့မှုဖြင့် ရိန်းဂျားကလပ်သို့ ရောက်ရှိသွားခြင်းဖြစ်သည်။ ဘားနက်သည် ရိန်းဂျားသို့မပြောင်းမီ ဆောက်သမ်တန်နှင့်လည်း ပြောင်းရွှေ့ရေး ဆက်သွယ်ခဲ့သေးသည်။

ယခုအခါ နယူးကာဆယ်ယူနိုက်တက်သို့ပြန်ရန် ကြိုးစားနေရာ ရိန်းဂျားက ဘားနက်ထက် အရည်အချင်းပိုမိုပြည့်စုံသော ကစားသမားများကို လိုချင်ကြောင်း၊ မိမိတို့ကလပ်ကို စိတ်ဝင်စားသည့် ကစားသမား အများအပြားရှိကြောင်း ပြောကြားသည်။ **(အင်တာနက်)**







## ဝမ်းသာဂုဏ်ယူမိပါကြောင်း

LS Group of Companies ၏ Managing Director ဦးသူရအောင်ကျော်၏ဇနီး ဒါရိုက်တာ ဒေါက်တာဒေါ်ခင်နီလာအောင်သည် SSC Women Centre တွင် ၃၀-၈-၂၀၀၆ရက်၌ သားဦးရတနာလေးအား ချောမောစွာ မွေးဖွားခဲ့ကြောင်းသိရှိရသည့်အတွက် ကုမ္ပဏီဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များမှ ဝမ်းသာဂုဏ်ယူမိပါကြောင်း။

**LS ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ။**




## စက်တင်ဘာ ၂ရက်၌ မိုးရွာသွန်းလေသမျှ

**သံတွဲ**
၅ ဒသမ ၄၇ လက်မ
**မောင်တော**
၅ ဒသမ ၁၂ လက်မ
**အမ်းမြို့**
၄ ဒသမ ၄၁ လက်မ
**မင်းတပ်**
၂ ဒသမ ၃၂ လက်မ
**ချောက်မြို့**
၁ ဒသမ ၈၁ လက်မ

## ဝမ်းသာဂုဏ်ယူမိပါကြောင်း

LS Group of Companies ၏ Managing Director ဦးသူရအောင်ကျော်၏ဇနီး ဒါရိုက်တာ ဒေါက်တာဒေါ်ခင်နီလာအောင်သည် SSC Women Centre တွင် ၃၀-၈-၂၀၀၆ရက်၌ သားဦးရတနာလေးအား ချောမောစွာ မွေးဖွားခဲ့ကြောင်း သိရှိရသည့်အတွက် ကုမ္ပဏီဝန်ထမ်းများအားလုံးမှ ဝမ်းသာဂုဏ်ယူမိပါကြောင်း။

**LS ရုံးချုပ်နှင့် KAF Construction Co., Ltd.**
**(ပျဉ်းမနား)မှ ဝန်ထမ်းများ။**

## မွေးနေ့မင်္ဂလာ ဆုတောင်းလွှာ

အင်းလျားလမ်း၊ B-52၊ ရန်ကုန်မြို့နေ ကန်ထရိုက်တာ ဦးရန်နိုင်၏ ချစ်စွာသောဇနီး **ဒေါ်မမလေး (အန်တီလေး)**၏ ၃-၉-၂၀၀၆ရက်တွင် ကျရောက်သော (၅၃)နှစ်မြောက် မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်း များစွာတိုင်အောင် မိသားစု၊ သား၊ မြေးများနှင့် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဘဝခရီးလျှောက်လှမ်းနိုင်ပါစေကြောင်း မိသားစုနှင့်ထပ်တူ ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**ဦးသန်းဝင်း (ရွှေကျင်၊ တန်ပုံ၊ မန္တလေး)**
**ဦးစိုးအောင် (ထုံးဘို၊ တန်ပုံ၊ မန္တလေး)**
**ဦးဌေးအောင် (ချင်းတွင်းတံတား၊ မုံရွာ)။**



## ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်

**မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံတက္ကသိုလ်အသီးသီးတွင် ပညာသင် ရဟန်းတော်များ၊ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ရွှေနှင်းဆီလမ်း အမှတ်၅၉၇နေ ဦးလှမောင်-ဒေါ်လှလှစု မိသားစုက ငွေကျပ်နှစ်သိန်းလှူဒါန်းရာ အမှုဆောင် ဒေါ်သင်းသင်းစုလှိုင်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ(နာလန္ဒာ)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။**

(က-ပ)

## အမည်ပြောင်း

အဖ ဦးထိန်လင်းထွန်း၏သား အထက(၁)ဒဂုံ၊ V-K မှ မောင်ကျော်သီဟအား မောင်ဝင့်လူအောင် ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဝင့်လူအောင်။**

## ဆေးဆိုင်ဖွင့်လိုသူများအတွက်

**အာရုဏ်ဦး** ဆေးဝါးနားလည်မှုသင်တန်း တစ်လပြတ် အမြန်သင်တန်းဖွင့်ပြီ။ စနေ၊ တနင်္ဂနွေ (ရုံးသမား) သင်တန်းရှိသည်။ ဆရာဝန်များကိုယ်တိုင် သင်သည်။ (အလွယ်တကူနားလည်ရန် တာဝန်ယူသည်။) နှစ်ရက်အစမ်းတက်ကြည့်၍ရသည်။

**၁၈၊ လေးလွှာ၊ လှည်းတန်းလမ်းမ၊ ကမာရွတ်၊ ရန်ကုန် ၊ ဖုန်း-၀၉၉၈၂၂၃၇၂။**






## Miss Royal gold Beauty Soap ရွေးချယ်ပွဲနှင့်အထူးကံစမ်းမဲပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂**

Excel Co., Ltd.ကကြီးမှူး၍ Miss Royal gold Beauty Soap (2006) ရွေးချယ်ပွဲနှင့် Excel Shopping Mall ရှိ အရောင်းဆိုင်များတွင် ဝယ်ယူအားပေးသူများအတွက် ကျပ်သိန်း ၁၅၀ကျော် အထူးကံစမ်းမဲပွဲကို ယနေ့ညနေ ၆နာရီက ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းရှိ Excel Treasure Tower ၌ကျင်းပသည်။

**(အပေါ်ပုံ)**

ကျပ်သိန်း ၁၅၀ကျော် အထူးကံစမ်းမဲပွဲကို စက်တင်ဘာ ၁ရက်မှ အောက်တိုဘာ ၂၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ အရောင်းဆိုင်ခန်းများတွင် ကျပ်၅၀၀၀ဖိုးဝယ်ယူသူတိုင်းကို ချက်ချင်းနှိုက်၍ ချက်ချင်းရယူနိုင်သည့် Sanyo 21" TV အပါအဝင် ဆုမဲပေါင်းများစွာကို လက်ငင်းရရှိမည်ဖြစ်သည်။ ထို့ပြင် ကူပွန်မဲတစ်စောင် ရရှိပြီး Midea Air-Con (1.5HP) KC.32FL အပါအဝင် ဆုမဲပေါင်းများစွာကို ဒုတိယအဆင့်ကံစမ်းမဲဖွင့်ပွဲတွင် ထပ်မံရရှိမည်ဖြစ်သည်။

Miss Royal gold Beauty Soap (2006) ပထမအဆင့်ပြိုင်ပွဲကို ယနေ့ညနေတွင်ကျင်းပခဲ့ပြီး ဒုတိယအဆင့်ပြိုင်ပွဲကို စက်တင်ဘာ ၁၆ရက်တွင်လည်းကောင်း၊ နောက်ဆုံးအဆင့် ပြိုင်ပွဲကို စက်တင်ဘာ ၃၀ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။ Miss Royal gold Beauty Soap(2006)ပြိုင်ပွဲဝင် အမျိုးသမီးများအတွက် အဝတ်အထည်များကို John Co., Ltd.ကလည်းကောင်း၊ မိတ်ကပ်ပြင်ဆင်ခြယ်သမှုကို Ko Ko ကလည်းကောင်း၊ ဆံကေသာပြုပြင်မှုကို Lolane ကလည်းကောင်း ပံ့ပိုးကူညီသည်။

Excel Shopping Mall ၌ ဈေးဝယ်သူများအတွက် ကျပ်သိန်း ၁၅၀ကျော် အထူးကံစမ်းခွင့် ရရှိမည်ဖြစ်ပြီး Miss Royal gold Beauty Soap (2006) ရွေးချယ်ပွဲကိုလည်း ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ဆုရမိခင်များ ဆုချီးမြှင့်

**ပြင်ဦးလွင် ဩဂုတ် ၁၀**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းပြီး ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၇ ရက်က ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောရီထွေးက အမှာစကား ပြောကြားပြီး မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာနန်းညွန့်ညွန့်အေးက မိခင်နို့ စနစ်တကျတိုက်ကျွေးရေးအကြောင်း အသိပညာပေးဟောပြောသည်။

**ဆုများချီးမြှင့်**

ထို့နောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မာကြည်တို့က ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရသူ ကိုယ်ဝန်ဆောင် မိခင်နှင့်ကလေးမိခင်များအား ဆုများချီးမြှင့်ပေးအပ်ပြီး အိုင်အိုဒင်းဆားထုပ်များ ပေးဝေသည်။ **(အပေါ်ပုံ)**

(၂၈၀)

## သံဃိကဒါန ဆီအလှူတော်ပွဲ ကျင်းပမည်

**ပဲခူး ဩဂုတ် ၂၈**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မြို့မဆရာတော်ကြီး တည်ထောင်ခဲ့သော ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက် သီရိမင်္ဂလာ မြို့မအောင်ဇေယျပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တစန္ဒဇောတိကကြီးမှူး၍ တတိယအကြိမ်မြောက် သံဃိကဒါန ဆီအလှူတော်ပွဲ မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီ၌ ကျင်းပမည်ဖြစ်သည်။

**တိုက်တွန်းနှိုးဆော်**

အခမ်းအနားတွင် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်အပါး ၈၀ တို့အား လောင်းလှူမည်ဖြစ်ရာ သဒ္ဓါအလျောက်လှူဒါန်းလိုပါလျှင် သီရိမင်္ဂလာ မြို့မအောင်ဇေယျ ပရိယတ္တိစာသင်တိုက်သို့ မွန်းလွဲ ၁ နာရီထက်နောက်မကျစေဘဲ လာရောက်လောင်းလှူကြပါရန် အကျိုးဆောင်အဖွဲ့က တိုက်တွန်းနှိုးဆော်ထားကြောင်းသိရသည်။ (၁၇၃)

## တောင်သာမြို့နယ်တွင် အဆို၊ အက၊ အရေး၊ အတီးပြိုင်

**တောင်သာ ဩဂုတ် ၂၃**

တောင်သာမြို့နယ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဒုတိယရဲမှူး စိုးလွင်တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးကိုကိုဦးနှင့် အဖွဲ့ဝင် ဦးခင်မောင်ကျော်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

**ချီးမြှင့်**

အဆိုပါ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များဆက်လက် ယှဉ်ပြိုင်ကြပြီး မြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူး စိုးလွင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုရရှိသူများအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



ရန်ကုန်မြို့ စမ်းချောင်း လင်းလွန်းရပ်ကွက် လင်းလွန်းပရိယတ္တိစာသင်တိုက်အတွင်း ဆောက်လုပ်မည့် သာသနာ့ဗိမာန်တော်ကြီးအတွက် ကျပ်သိန်းတစ်ရာ မတည်အလှူရှင်များဖြစ်ကြသော ဖခင်ကြီး ဦးမင်းဝေအား ရည်စူး၍ မိခင်ကြီးဒေါ်သန်းရီနှင့် ဦးခင်မောင်ဇော်-ဒေါ်အေးအေးမင်း၊ သားလပြည့် ၈/ဘီ မြနန္ဒာလမ်း မြကံသာအိမ်ရာ ကမာရွတ် မိသားစုတို့က လင်းလွန်းပင်ပရိယတ္တိ စာသင်တိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥတ္တမစာရ ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မကွေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေး မွမ်းမံသင်တန်းဖွင့်

**မကွေး ဩဂုတ် ၁၅**

မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ ရက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မကွေးခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းတက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

သင်တန်းသို့ မကွေးခရိုင်ရုံးရှိ ခရိုင်ရုံးနှင့် ရေနံချောင်း၊ ချောက်၊ တောင်တွင်းကြီး၊ မြို့သစ်နှင့်နတ်မောက်မြို့နယ်ရုံးများမှ သင်တန်းသား၊ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ဖြစ်သည်။

**ဘာသာအလိုက်ပို့ချ**

သင်တန်းတွင် မကွေးခရိုင် ဦးစီးအရာရှိ ဦးဝေလင်း၊ မင်းဘူးခရိုင် ဦးစီးအရာရှိ ဦးမြင့်ဆွေ၊ ဂန့်ဂေါ ခရိုင်ဦးစီးအရာရှိ ဦးသိန်းထွန်းအောင်နှင့် မကွေးခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများက ဘာသာရပ်အလိုက် ပို့ချခဲ့ကြောင်း သိရှိရသည်။

**(ခရိုင်ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

တိုက်ကြီးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဇောမိကုန်းရပ်ကွက် အထကကျောင်းလမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲယာ ချုံနွယ်၊ ပေါင်းမြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်က အဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာဦးအောင်ထွန်းတို့က ကြီးကြပ်ဆောက်ရွက်စဉ်။ (မြို့နယ် စည်ပင်)



**ဩဂုတ် ၃ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ သဘော်ဆိပ်ရပ်ကွက် သဘော်ဆိပ်ချောင်းရှိ နုန်းများ စက်ယန္တရားဖြင့် ဆယ်ယူနေမှုကိုအမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ကြပ်မတ်ဆောင်ရွက်စဉ်။**

(မြို့နယ် စည်ပင်)



## ဝိုင်းမော်မြို့နယ်စည်ပင် မြို့သန့်ရှင်းရေးဆောင်ရွက်

**ဝိုင်းမော် ဩဂုတ် ၃၀**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့အားသန့်ရှင်းသပ်ရပ်သာယာလှပစေရန် မြို့နယ်လမ်းဆုံတွင် ဩဂုတ် ၂၈ ရက်က စိုက်ပျိုးထားသော ပန်းအလှပင်များကြားရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊ အမှိုက်များ သိမ်းဆည်းသန့်ရှင်းရေးလုပ်ငန်းများကို အဖွဲ့ရုံးမှ ဝန်ထမ်းများတပျော်တပါး စုပေါင်းဆောင်ရွက်ကြရာအမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်က အနီးကပ်ကြီးကြပ်ပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက် ၄-၉-၂၀၀၆ (တနင်္လာနေ့)နံနက်ပိုင်း**

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၀:၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ
- ပညာရှင်အဆင့် (အမျိုးသား) (ခေတ်ဟောင်း/ကာလပေါ်)
(၁) ပန်းစုံတဲ့တော (ခင်မောင်ရင်)
(၂) ဗုဒ္ဓသာသနာရောင် (ဉသြဘသောင်)
(၃) မင်္ဂလာတော် (ဉသြဘသောင်)

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (မန္တလေးမြို့မှ မန္တလေးဖိနပ်)

၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)

၁၂:၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၂:၂၅ အားကစားသတင်းပဒေသာ

၁၂:၃၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့် လေ့လာရန် မဟာဂီတသီချင်းကြီးများ-
(၁) ဘုန်းထူးဝေဆာ (သီချင်းခံ)- ဦးဘခိုင်
(၂) စိန်ခြယ်ညီလင်း (မွန်)- ရီရီသန့်

၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (သူငယ်တန်း စာရိတ္တနှင့်ပြည်သူ့နီတိ) (ဆုံးမနာခံသော ခြသေ့်လိမ္မာ)

**ညနေပိုင်း**

၁၆:၀၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) စိမ်းလဲ့ကန်သာ (ရီရီခင်)
(၂) တောကဆွမ်းကျွေး (ရဲဘော်စန်းယု)
(၃) ရွာခံချောင်းလေးနှင့်အတူ (မလေးစံပယ်)

၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ

၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (သစ်ဆင်းလနှင့် အစဉ်ထိန်းကြရမည့် ဂရုဓမ္မသီလ)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (နေမျိုးဗလကျော်သူဘွဲ့ရ ရွာစားကြီး ဦးစိန်ဗေဒါဆိုင်းအဖွဲ့ ဖျော်ဖြေခန်း)

၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) လွမ်းစေတီ (မောင်မောင်အေး- အလင်္ကာဝတ်ရည်)
(၂) အပျော့ဆွဲ (ကြွယ်ကြွယ်)
(၃) မောင်ဘယ်တော့မှ မမုန်း (မောင်မျိုးလွင်)

**ဩဂုတ် ၂၁ ရက်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့သည် မိုင်းပျင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အဖွဲ့ပိုင် မြို့မဈေးအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ဈေးလုံခြုံရေး ဆောင်ရွက်ထားမှုအား ကွင်းဆင်းစစ်ဆေးစဉ်။** (နယ်စပ်/စည်ပင်)




## ကြီးကြပ်ဆောင်ရွက်

**မိုင်းယန်းမြို့ ကျိုင်းဟင်ရပ်ကွက် ရုံးကြီးလမ်း လမ်းဘေးဝဲယာ ရေမြောင်း တူးဖော်ခြင်း၊ ရေဆိုးရေညစ်များရှင်းလင်းဖယ်ရှားခြင်း၊ သန့်ရှင်းရေးလုပ်ငန်းများကို အဖွဲ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် အမှုဆောင်အရာရှိ ဦးသန်းလွင်ဦးတို့ ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)



# သာစည် အမျိုးသမီးရေးရာအဖွဲ့ ကြီးမှူး စေတနာညကျောင်းဖွင့်ခြင်းအခမ်းအနားကျင်းပ

**သာစည် ဩဂုတ် ၂၀**

သာစည်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ အမျိုးသမီးရေးရာ စေတနာညကျောင်းဖွင့်လှစ်ခြင်း အခမ်းအနားကို ဩဂုတ် ၁၀ရက် ညနေ ၄ နာရီက အမှတ်(၅)နယ်မြေ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

**ရည်ရွယ်ချက်ရှင်းလင်း**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်သိန်းမြင့်က အမျိုးသမီးရေးရာစေတနာ ညကျောင်းဖွင့်လှစ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် အမျိုးသမီးရေးရာ စေတနာညကျောင်းအတွက် မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်နှင့်ဇနီးဒေါ်ခင်နုတို့က ငွေကျပ် ၅၀၀၀၊ ဦးသန်းစိုးနှင့်ဇနီး ဒေါ်ကြည်ကြည်စန်း (ဆန်ရောင်းဝယ်ရေး)တို့က ငွေကျပ် ၅၀၀၀၊ ဦးကျော်ဆန်း-ဒေါ်ခင်မိမိ(အောင်သုခရွှေရတနာရောင်းဝယ်ရေး)က ငွေကျပ် ၁၀၀၀၀ နှင့် ဦးဘဖုံ(ရွှေနဂါးပွဲရုံ) မိသားစုတို့က ငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်စန်းက လက်ခံရယူကြောင်း သိရသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**







# မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် မြို့တော်စက္ကူစက်ရုံစစ်ဆေး မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်များကြံ့ခိုင်မှုရှိရေး ဆောင်ရွက်ရန်မှာကြား

မန္တလေး ဩဂုတ် ၂၂

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၁၇ ရက် ညနေ ၃ နာရီက ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မြို့တော်စက္ကူစက်ရုံအခြေအနေ၊ ကနောင်ခန်းမရှိ ရတနာပုံဘဏ်လီမိတက် စက်မှုဇုန်(၁)ဘဏ်ခွဲ ဖွင့်လှစ်ထားရှိမှုနှင့် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**

**မှာကြား**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်စက္ကူစက်ရုံသို့ ရောက်ရှိကာ မြို့တော်စက္ကူစက်ရုံအတွင်း စက်များ၏ ကြံ့ခိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က မြို့တော်စက္ကူစက်ရုံအတွင်း သန့်ရှင်းမှုရှိရေး၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် စက်များကြံ့ခိုင်မှုရှိစေရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။ **(အပေါ်ပုံ)**

**ရှင်းရှင်းနီးနီးတွေ့ဆုံ**

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမရှိရတနာပုံဘဏ်လီမိတက် စက်မှုဇုန်(၁) ဘဏ်ခွဲသို့ရောက်ရှိလာရာ ဘဏ်မန်နေဂျာ ဦးသန်းမြင့်က စာရင်းရှင်အပ်ငွေ၊ ငွေစုဘဏ်အပ်ငွေ၊ အချိန်ပိုင်းအပ်ငွေ၊ ချေးငွေများထုတ်ချေးခြင်း၊ ငွေလွှဲခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရတနာပုံဘဏ်လီမိတက် စက်မှုဇုန်(၁) ဘဏ်ခွဲအတွင်း ဘဏ်လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဘဏ်ဝန်ထမ်းများအား ရှင်းရှင်းနီးနီးတွေ့ဆုံ နှုတ်ဆက်သည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်ဒေသရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံအမှတ်(၁)သို့ ရောက်ရှိကာ ခြံအတွင်းစိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ဖြစ်ထွန်းမှု၊ ဝက်မွေးမြူရေးခြံများ ထပ်မံတည်ဆောက်နေမှု၊ ဝက်များမွေးမြူထားရှိမှုနှင့် ကြီးထွားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာနမှ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# စာကြည့်တိုက်ပညာဆင့်ပွားသင်တန်းဆင်း ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်မျိုးစုံလှူဒါန်း

**ကွမ်းလုံ ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွမ်းလုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း(၁/၂၀၀၆)ဆင်းပွဲကို ဩဂုတ် ၁၁ ရက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးစာကြည့်တိုက်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဖေကြိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ရွှေတို့က သင်တန်းဆင်းအမှာစကား ပြောကြားကြသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးလှူဒါန်းသည့် ရုပ်မြင်သံကြား၊ ရေဒီယိုနှင့် စာအုပ်မျိုးစုံတို့အား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းမြမြဝင်းက ကျေးရွာစာကြည့်တိုက်မှူးများသို့ ထပ်ဆင့်ပေးအပ်လှူဒါန်းသည်။

**တက်ရောက်**

အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်း ၂၂ ဦးနှင့် ပညာရေးဝန်ထမ်း ဆရာ ဆရာမ ၃၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**
**(အောက်မြန်မာပြည်)**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**e- Education Learning Centre**
**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**
**(တနင်္လာမှ သောကြာ)**
**မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**
**(စနေ၊ တနင်္ဂနွေ)**
**နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၄-၉-၂၀၀၆ (တနင်္လာနေ့)**

- ❑ Importance of Connectives
  - ပထမနှစ် အင်္ဂလိပ်စာအထောက်အကူပြုနေ့ ကျောင်းသား၊ ကျောင်းသူများ
- ❑ Air Pollution
  - ပထဝီဝင်အထူးပြု ဒုတိယနှစ် ကျောင်းသား၊ ကျောင်းသူများ

**၅-၉-၂၀၀၆ (အင်္ဂါနေ့)**

- ❑ ငွေရည်ဖွဲ့ခြင်း
  - ပထဝီဝင်အထူးပြု ပထမနှစ်ကျောင်းသား၊ ကျောင်းသူများ
- ❑ National Unification of Alaumgmintaya (1714˚- 1760)
  - သမိုင်းအထူးပြု တတိယနှစ်ကျောင်းသား၊ ကျောင်းသူများ

**၆-၉-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ❑ National Movement in the G.C.B.A Period
  - တတိယနှစ်သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ အမရပူရမြို့ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့် တရားအမြင်များကို ဒဿပညာရှုထောင့်မှ ဆန်းစစ်တင်ပြခြင်း
  - တတိယနှစ်နှင့် ပထမနှစ်ဂုဏ်ထူးတန်း (ဒဿနိကဗေဒ ကျောင်းသား၊ ကျောင်းသူများ)

**၇-၉-၂၀၀၆ (ကြာသပတေးနေ့)**

- ❑ The Concept of Normality and Abnormality
  - တတိယနှစ်နှင့် ပထမနှစ် ဂုဏ်ထူးတန်း (စိတ်ပညာ အထူးပြု ကျောင်းသား၊ ကျောင်းသူများ)
- ❑ An Introduction to the study of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

**၈-၉-၂၀၀၆ (သောကြာနေ့)**

- ❑ အခြေခံပါဠိသဒ္ဒါပို့ချချက်(၁)အကျွရာ
  - ပထမနှစ် အရှေ့တိုင်းပညာအထူးပြုနှင့် အထောက်အကူပြု
- ❑ Ozone Layer Depletion as an Environmental
  - မဟာဝိဇ္ဇာ ပထမနှစ် ကျောင်းသား၊ ကျောင်းသူများ

**၉-၉-၂၀၀၆ (စနေနေ့)**

- ❑ Introduction to Economics
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား၊ ပြည်သူ့ရေးရာ
- ❑ Frequency Distribution Table
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Demand
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
- ❑ The Purpose of Accounting and Double Entry Book- Keeping
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Business Environment
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Measures of Location
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Graphical Presentation
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား
- ❑ Legal Forms and Business Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Importance of Micro Business in Economic Development
  - ပထမနှစ် အိမ်တွင်းစီးပွား
- ❑ Concepts of Equilibrium
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာ
- ❑ Internal Structure and Organization
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Book-keeping Procedures and Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံ

**၁၀-၉-၂၀၀၆ (တနင်္ဂနွေနေ့)**

- ❑ Introduction to Statistics
  - ဒုတိယနှစ် ပြည်သူ့ရေးရာ
- ❑ Cost Accounting
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ Health Care and Health Services
  - ဒုတိယနှစ် အိမ်တွင်းစီးပွား
- ❑ Random Variables and Distrubution Function
  - ဒုတိယနှစ် စီးပွားရေး
- ❑ Index Numbers
  - ဒုတိယနှစ် စီးပွားရေး
- ❑ Income of Expenditure Account
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Cost Accounting (Control of Material Cost)
  - ဒုတိယနှစ် စီးပွားရေး၊ စီးပွားစီမံ
- ❑ The Preparation of Accounts From Single Entry or Incomplete Records
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Total Debtors Account and Total Creditors Account
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ Consignment Account
  - ဒုတိယနှစ် စီးပွားစီမံ
- ❑ The Family
  - ဒုတိယနှစ် အိမ်တွင်းစီးပွား
- ❑ Nutrition
  - ဒုတိယနှစ် အိမ်တွင်းစီးပွား

ပြည်တွင်းအခွန်များဦးစီးဌာန

[illegible]

[illegible]

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်အေးမင်း၏ နိုင်ငံကူး လက်မှတ် ၆၃၁၈၄၁ ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။

**ဆက်သွယ်ရန်ဖုန်း-၇၂၆၄၈၃။**

## အမည်ပြောင်း

အဖဦးဝဏ္ဏစိုး၏ သမီး အလက (၁) ရန်ကင်း သူငယ်တန်း(က)မှ မဆုသံစဥ်အား မစောယုယုနှင်းဟု ပြောင်းလဲခေါ်ပါရန်။

**မစောယုယုနှင်း။**

## ၁၄ ပေ ရောင်းမည်

**CANTER 33 / 91**

ကားသန့်/လက်တင်မောင်း ၂၇၅၀ ကေဂျီ၊ ၁၈/----။

**ဖုန်း-၆၄၁၈၇၇၊ ၀၉၅ ၀၀၇၆၃၈။**

## သတိပေးတားမြစ်ခြင်း

ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်း ၉/မနတ(နိုင်)၀၉၁၀၃၇ အမှတ် ၂၀၅-ဒီ ရွှေသစ္စာလမ်းသွယ် ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေသူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတားမြစ်အပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်းသည် ကွယ်လွန်သူ ဒေါက်တာစောမြင့် (ဘီဝိုင်-၀၀၂၈၈၀)နှင့် ၁၉၆၀ ပြည့်နှစ်ကတည်းက လက်ထပ်ပေါင်းသင်းခဲ့ပြီး သား (သြရသသား) ဦးဇော်လွင်ဦး (MGE-၁၄၄၉၈၄)ကို ထွန်းကားခဲ့ပါသည်။ ဒေါက်တာ စောမြင့်သည် ၂၂-၅-၂၀၀၆ ရက်က ကွယ်လွန်ခဲ့ပါသည်။

သို့ဖြစ်၍ ကျွန်ုပ်၏ အမှုသည် ဒေါ်စန်းစန်း၏ခင်ပွန်း ဒေါက်တာ စောမြင့် ကြွင်းကျန်ခဲ့သော အရပ်ရပ် ပစ္စည်းများ (ဒေါက်တာစောမြင့် အမည်ဖြင့်လည်းကောင်း၊ ဒေါ်မိမိမော်အမည်ဖြင့်လည်းကောင်း တည်ရှိနေသည့်) ပဲခူးမြို့ရှိ ခြံမြေအိမ်များ၊ ကားများ၊ တယ်လီဖုန်းများ၊ မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့နယ်မှ ခြံ၊ မြေ၊ အိမ်များကို ကျွန်ုပ်၏အမှုသည် ဒေါ်စန်းစန်း၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ထုခွဲရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့ မပြုလုပ်ကြရန် သတိပေးတားမြစ်အပ်ပါသည်။

**ဦးဇော်မင်းစိန်**
**တရားရုံးချုပ်ရှေ့နေ (စဥ်-၁၉၀၃)**
**၅၆၁ (ပထပ်)၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**အိမ်ဖုန်း-၅၃၅၇၆၄၊ ရုံး-၂၄၅၄၀၀။**

ရွှေပြေ ဓာတ်ပုံ ... ရန်ကုန်မြို့
Ph: 378113,372404,721632
Auto Voltage TV

## ရေယာဥ်နှစ်စင်းအမြန်ရောင်းမည်

ရေယာဥ်သက်တမ်း (၃)နှစ်သာရှိပြီး လက်ရှိရခိုင်ပြည်နယ်တွင် အသုံးပြုနေသည်။ ပိုင်ရှင်ကျန်းမာရေးအခြေအနေကြောင့် ဆက်လက်မလုပ်ကိုင်နိုင်၍ ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ အခွန်၊ လိုင်စင်ကြေး အားလုံးဆောင်ပြီး။ အမှန်တကယ်ဝယ်ယူလိုသူသာ ဆက်သွယ်ပါ။

**ဖုန်း-၀၉-၈၀-၂၄၁၅၂။**

**ကျေးဇူးဆပ်ပါမည်** ကျွန်တော် မောင်သီဟမျိုးနိုင် ၉/ခမစ(နိုင်)၀၁၈၇၃၃ နိုင်ငံသားစိစစ်ရေးကတ် ပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၂-၆၈၆၆၀။**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း

ကြည့်မြင်တိုင်မြို့နယ် ဦးလှမောင်လမ်း တိုက်၈၊ အခန်း၃၈နေ မောင်တင်သိန်း ၆/ထဝန(နိုင်)၀၀၂၄၂၆ နှင့် မမြင့်မြင့်စိန် ၁၂/ဥကမ(နိုင်) ၀၉၇၈၈၂ တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားမတိုက်ဆိုင်ပါသဖြင့် ယနေ့မှစ၍ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မောင်တင်သိန်း**
**၆/ထဝန(နိုင်)၀၀၂၄၂၆။**



**မကွေးမြို့ မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကာလတွင် မြို့ရှောင်လမ်းဘေး ဝဲယာတစ်လျှောက် ခြံစည်းရိုးကြက်ဆူပင်များကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ဩဂုတ် ၆ရက်က စုပေါင်းစိုက်ပျိုးကြစဥ်။** (မြို့နယ် စည်ပင်)



**စဥ့်ကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ခုဘဏ္ဍာရေးနှစ်အတွင်း စဥ့်ကူး မြို့မဈေးအဝင်တံတားအား ကွန်ကရစ်တံတားအဖြစ် ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းကို ဩဂုတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးတင်အောင်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂) ဦးမောင်မောင်နိုင်မင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးစဥ်။**
(မြို့နယ် ပြန်/ဆက်)

**ဟိုပုံးမြို့နယ် စည်ပင် သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက် ရှိသော မြို့သာယာလှပရေး လုပ်ငန်းများမှ ရုံးရှေ့မျက်နှာစာ မြေယာအလှ ပြုပြင်နေမှု၊ ပုံဖော်နေမှုအား အမှုဆောင် အရာရှိ ဦးစိုင်းအောင်လင်း ကြီးကြပ်ဆောင်ရွက်စဥ်။**



(မြို့နယ် ပြန်/ဆက်)

**ဩဂုတ် ၂၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ် (၁၁) အခြေခံပညာ မူလတန်းလွန်ကျောင်း ဒုတိယတန်းမှ ပဥ္စမတန်းအထိ နှစ်စဥ် ပညာရည်ချွန် ပထမဆုနှင့် ၂၀၀၅-၂၀၀၆ ခုနှစ် ပဥ္စမတန်းတွင် မြို့နယ်အဆင့် ဘက်စုံထူးချွန် (စာပေ) ပထမဆုရ မခိုင်မွန်ဇော်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းဆွေ ဆုချီးမြှင့်စဥ်။**
(က-ပ)



# ဒေသဝမ်းစာဖူလုံရေး လယ်ယာမြေများ တိုးချဲ့ဖော်ထုတ်ပြီး မျိုးကောင်းမျိုးသန့်စပါးများ ရွေးချယ်စိုက်ပျိုး ဒေသဖွံ့ဖြိုးရေးတွင် အဓိကကျသည့် လမ်းများတိုးတက်ကောင်းမွန်ရေး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နယ်မြေခံတပ်နယ်မှ တပ်မတော်အရာရှိများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာတို့မှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် စာမျက်နှာ ၃ ကော်လံ ၁ ■




နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးကုတ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ ကော်ဖီနှင့်လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

## ဘားအံမြို့ ခိုးရိမ်ရေမှတ်

ရန်ကုန် စက်တင်ဘာ ၂

**သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် စင်တီမီတာ ၇၇၀သို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၇၅၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု သိရသည်။** (မြန်မာ့အလင်း)

## ကြည့်ရှုအားပေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း မင်းလှမြို့ သရက်တပင်ကျေးရွာတွင် စုပေါင်းတမန်းနှိုးပေါင်းလိုက် မြေဩဇာကြဲပက်နေမှုကို ကြည့်ရှုအားပေးစဉ်။**
(သတင်းစဉ်)

# စက်မှုကုန်ကြမ်းရော်ဘာကို သုံးနှစ်အတွင်း ဧကတစ်သိန်း ပြည့်မီအောင်စိုက်ပျိုး ခြံစည်းရိုးကြက်ဆူပင်များစိုက်ပျိုးရေး အမျိုးသားရေးတာဝန်အဖြစ် ခံယူဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂**

ပဲခူးတိုင်း ပြည်မြို့၌ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဩဂုတ် ၂၉ ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ရုံး အစည်းအဝေးခန်းမ၌ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

**ရှင်းလင်းတင်ပြ**

အစီအစဉ်အရ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်က ဒေသ စာမျက်နှာ ၆ ကော်လံ ၁ ❐




**စက်တင်ဘာ ၂ ရက်က (၁၅)နှစ်မြောက် အာဆီယံ–တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၏ ဝူရှူးအားကစားသရုပ်ပြပွဲကို သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပစဉ်။**

ဓာတ်ပုံ–သိန်းဝင်းလေး
(မြန်မာ့အလင်း)



# ၂၀၀၆–၂၀၀၇ခုနှစ် ပျဉ်းမနားခရိုင် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၀၆–၂၀၀၇ ခုနှစ် ပျဉ်းမနားခရိုင် မိုးစပါးထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ပင်လောင်း–ရွာတော်လမ်းဆုံ ပျဉ်းမနားမြို့နယ် သစ်တပ်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် ၁၆၀၇ တောင်သူဦးမြင့်အေး၏ စိုက်ကွက်လယ်မြေ၌ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ တပ်မတော်အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံတောင်သူများ၊ ပြိုင်ပွဲဝင် ကောက်စိုက်လုံမေများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**အမှာစကားပြောကြား**

ရှေးဦးစွာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စာမျက်နှာ ၇ ကော်လံ ၁ ●